# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၀၀)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ဆွေးနွေး

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် H.E. Mr. Kallayana Vipattipumiprates နှင့် Gen. Nothapol Boonngam နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



### ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့**

*ဖတ် စ ရာ*


မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ — ပြည်တွင်းသတင်း — စာ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့များသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည် — ပြည်တွင်းသတင်း — စာ ၈

ကျေးလက်မီးလင်းရေး ခရီး နီးဖို့ရာ — ဆောင်းပါး — စာ ၁၀







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

**“ မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ သံတမန်ဆက်ဆံမှုများ ရှည်ကြာကောင်းမွန်လျက်ရှိမှုအခြေအနေများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ လျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသကုန်သွယ်မှုများ မြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး ”**

❑ *ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ သံတမန်ဆက်ဆံမှုများ ရှည်ကြာကောင်းမွန်လျက်ရှိမှု အခြေအနေများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ လျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသကုန်သွယ်မှုများ မြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးချယ်သည့် အစိုးရအဖွဲ့မှ နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅) ရပ်ပါ အချက်များတွင်ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် အခြားအချက်များကို အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ကူညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) “လမ်းမပိတ်ရ” အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၄၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် )
**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတရုံးတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ် အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရေနည်းမည့် သတိပေးချက်

**နေပြည်တော် ဧပြီ ၂၂**
ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၆၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာ အောက်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**



ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ၊ ကောင်စီဝင် ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ၊ ကောင်စီဝင် ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၂**
ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ၊ ကောင်စီဝင် ဦးသန်းဆွေသည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ကို ယနေ့တွင် Jasmine Nay Pyi Taw Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၂**
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။



တွေ့ဆုံ ဆွေးနွေးမှုတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ယခုအချိန်သည် နှစ်နိုင်ငံစလုံးတွင် အစိုးရသစ်များ အသီးသီး ဖွဲ့စည်းခဲ့ပြီး အရေးကြီးသည့်အကူးအပြောင်းကာလဖြစ်ရာ နှစ်နိုင်ငံအကြား၌ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင် ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားရှိ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင် (JC) နှင့် ကုန်သွယ်ရေးပူးတွဲ ကော်မရှင် (JTC) တို့ ပြန်လည်စတင်နိုင်ရေး၊ စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြုသဘော ဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြု ထောက်ခံမှုပြသသော ခရီးစဉ်တစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထိုင်းနိုင်ငံအနေဖြင့် ထောက်ခံ ပံ့ပိုးပေးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုစေမည့်အပြင် နှစ်နိုင်ငံ နယ်စပ်နေပြည်သူများ၏ သာယာဝပြောရေးအတွက် အထူးအရေးကြီးပါသဖြင့် နယ်စပ်ဒေသရှိ စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံက ပံ့ပိုးပေးရန် ဆန္ဒရှိမှုအားကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မူဘောင်ကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းနိုင်မှုအပေါ် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် အကျဉ်းသားများ လွှတ်ပေးခဲ့ခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ခဲ့ခြင်းကိုလည်း ကြိုဆိုပါကြောင်း၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် ပါဝင်ပံ့ပိုး ပေးလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးအတွက် ထောက်ခံပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် ဧပြီ ၂၂**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တပ်မတော်သည် ပြည်သူများက ပေါက်ဖွားလာခြင်းဖြစ်သည့်အတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်ကို မိမိတို့အမြဲတမ်းခံယူထားရမည်ဖြစ်ပြီး နဂိုကတည်းကပင် ရှိပြီးသားဖြစ်ရမည့် စိတ်ဓာတ်ဖြစ်




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ် သီဟသူရကျင်စံခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဧပြီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတပ်နယ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ် သီဟသူရကျင်စံခန်းမ၌ သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ၎င်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ် စွမ်းရည်ရှိသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း ကိုယ်စီအရည်အချင်းရှိအောင် တည်ဆောက်ရန်လိုကြောင်း၊ နိုင်ငံတော်ကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်ပြီး ထိုသို့တပ်မတော်စွမ်းရည်မြင့်မားရန် လူသားစွမ်းရည်မြင့်မားရေးသည် အလွန်အရေးကြီးကြောင်း၊ စွမ်းရည်ဆိုသည့်နေရာတွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ မြင့်မားနေရန် လိုအပ်ကြောင်း။

## စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေလိုအပ်

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေလိုအပ်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မမေ့ရန်လိုကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည် အဓိကပင်ဖြစ်ကြောင်း။

စစ်ပညာ၏အခြေခံသည် စစ်ရေးပြပင်ဖြစ်ပြီး အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေမှုအတွက် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်၍ စစ်ကျောင်းကြီးများအနေဖြင့် စနစ်တကျ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏ စွမ်းရည်များရရှိအောင် တည်ဆောက်ခြင်းဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုအပ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု အားနည်းချက်ကို ဖြစ်ပေါ်နိုင်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကိုယ်ချင်းစာတရားများရှိနေရန်လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှုရှိရန် လိုကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း၊ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်နှင့် တားမြစ်ချက်ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းသည် တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်ရှိရမည်ဖြစ်ပြီး ခွင့်လွှတ်သင့်သည်ကို ခွင့်လွှတ်ပေးရမည် ဖြစ်ကာ ခွင့်လွှတ်ပေး၍မရသည့် ကိစ္စရပ်များကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် ချမှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ သွေဖည်ပြီး လုပ်ဆောင်၍မရသဖြင့် စည်းကမ်းကို ချိုးဖောက်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း၊ စည်းကမ်းရှိသည့်၊ စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းစောင့်ထိန်းလိုက်နာနိုင်ရန် လိုအပ်သော်လည်း အစွန်းရောက်သော တင်းကျပ်မှုမဖြစ်ရန် သတိပြုရမည်ဖြစ်ကြောင်း။

စည်းကမ်းသည် စည်းရုံးရေး၏ အခြေခံအချက်ပင်ဖြစ်ပြီး စည်းကမ်းကောင်းမွန်မှုမရှိပါက စည်းရုံးရေးပျက်ပြားနိုင်သဖြင့် စည်းကမ်းကောင်းမှ စည်းရုံးရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန်လိုအပ်ပြီး ဝတ်စားဆင်ယင်မှုစည်းကမ်း၊ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ လုပ်ကိုင်မှုစည်းကမ်း စသည်တို့ကို ပီပီပြင်ပြင် လုပ်ဆောင်သွားပါက ၎င်းတပ်သည် တပ်ကောင်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်များအပေါ်တွင် စေတနာထား၍ လုပ်ဆောင်ရန်လိုအပ်ပြီး သက်သာချောင်ချိရေးဆိုသည်မှာ စားရေး၊ သောက်ရေးသာမက နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး စသည်ဖြင့် အားလုံးခြုံငုံ၍ အဆင်ပြေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်သာချောင်ချိရေးဆိုသည်မှာ ထောက်ပံ့ပေးသည့် ငွေကြေး(သို့မဟုတ်) ပစ္စည်း၊ အစားအသောက် ဆောင်ရွက်ပေးရုံသာမက ၎င်းတို့၏ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သက်သာချောင်ချိရေးကောင်းမွန်မှုသည် အုပ်ချုပ်ရေးနှင့် စိတ်ဓာတ်အပေါ် များစွာအထောက်အကူပြုပါကြောင်း၊

တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေးလုပ်စေခြင်းသည် မိသားစု၏ ပြင်ပမှ ဝယ်ယူစားသုံးမှုအတွက် ငွေကြေးကုန်ကျမှု လျှော့ချနိုင်ရန်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုး / မွေးမြူရေးသည် တပ်ရန်ပုံငွေ တိုးပွားအောင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ဖြစ်ပြီး ပိုလျှံသောထွက်ကုန်ပစ္စည်းများအား ဒေသတွင်းရှိ ဝန်ထမ်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို မည်သည့်အတွက်ကြောင့် လုပ်ဆောင်သည်ကို နားလည်စေရန်အတွက် ရှင်းပြပေးရန်လိုအပ်ပြီး တပ်ပိုင်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ကြရန်လိုကြောင်း။

တပ်မှူးအားလုံးသည် မိမိတို့တပ်ဖွဲ့အတွင်း မှီခိုနေထိုင်ကြသည့် တပ်မတော်သားများ၏ မိသားစုဝင်များ ကျောင်းပညာမြင့်မားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အားပေးကြရန် ပြောကြားလိုကြောင်း၊ တပ်မတော်သားများ၏ အရည်အသွေးသာမက သားသမီးများ၏ ပညာရေးကိုလည်း မြှင့်တင်ပေးနိုင်ရန် တစ်နှစ် နှစ်ကြိမ် ထောက်ပံ့ရန် ညွှန်ကြားထားကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံး တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## တပ်မှူးများအနေဖြင့် လက်အောက်နှင့် လက်ပွန်းတတီးနေထိုင်ရန်လိုအပ်

စိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းအပိုင်းတွင် ရပိုင်ခွင့်များ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးတို့သည်လည်း စိတ်ဓာတ်နှင့် တည်ဆောက်မှုအပိုင်းကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ စစ်သည်များ၏ စိတ်ဓာတ်မြင့်မားရေး လုပ်ဆောင်ပေးရမည်ဖြစ်ရာ တပ်မှူးများအနေဖြင့် လက်အောက်နှင့် အနီးကပ်တွေ့ဆုံပြီး လက်ပွန်းတတီးနေထိုင်ရန် လိုအပ်ကြောင်း။

ပြည်သူနှင့်တပ်မတော်ဆိုသည်မှာ ခွဲခြား၍မရဘဲ ပြည်သူနှင့် တပ်မတော်သည် ချစ်ချစ်ခင်ခင်နှင့် စည်းစည်းလုံးလုံးရှိနေစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် (၂၄)နာရီ တာဝန်ရှိပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများက ပေါက်ဖွားလာခြင်းဖြစ်သည့်အတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်ကို မိမိတို့အမြဲတမ်းခံယူထားရမည်ဖြစ်ပြီး နဂိုကတည်းကပင် ရှိပြီးသားဖြစ်ရမည့် စိတ်ဓာတ်ဖြစ်ကြောင်း။

မိမိတို့လုပ်ဆောင်ရသောအလုပ်ကို သိရှိအောင်လုပ်ပြီး ၎င်းအလုပ်ကိုကောင်းမွန်အောင် မည်သို့လုပ်ဆောင်မည်၊ တိုးတက်အောင်မည်သို့လုပ်ဆောင်မည်၊ အင်အားတိုးတက်အောင် မည်သို့လုပ်ဆောင်မည်ဟူသော စိတ်ဓာတ်ကိုမွေးမြူပြီး ဂရုတစိုက်လုပ်ဆောင်သွားမည်ဆိုပါက မိမိတို့တပ်မတော်၏ အရည်အသွေး တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်း လက်ရှိအခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးချဲ့ဆောက်လုပ်မည့် နေရာအားလည်းကောင်း၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်အတွင်း မီတာ ၄၀၀ ရော်ဘာပြေးလမ်းပါ ဘောလုံးကွင်းနှင့် ၁၅၅၆ ဦးဆံ့ ပွဲကြည့်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သီးနှံများတွင် ဓာတ်မြေသြဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း-၂)

**တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာအစားထိုးသုံးစွဲမှု နည်းပညာများစွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် စားမြို့ပြန်တိရစ္ဆာန်အစာအဖြစ် ပဲမျိုးရင်းဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ပြီး ပူးတွဲဆောင်ရွက်အသုံးပြုနေခြင်းအကြောင်းကို ဆက်လက်ရေးသား ဆွေးနွေးလိုပါသည်။ (တကယ်တော့ နိုင်ငံတကာတွင် ဆောင်ရွက်နေသည်မှာ ကြာလှပါပြီ။)**

မောင်ပြေ (ဆင်ပေါင်ဝဲ)

ပထမဆုံး စိုက်ပျိုး၊ မွေးမြူရေးတွင် ပဲမျိုးနွယ်ပင်များ အရေးပါပုံကို အရင်ဆွေးနွေးရအောင်ပါ။ Agriculture ၏ အဓိပ္ပာယ်မှာ စိုက်ပျိုး၊ မွေးမြူရေးဖြစ်ပါသည်။

ဤပဲပင်များသည် စိုက်ပျိုးမွေးမြူရေးတွင် ရှေးပဝေသဏီကတည်းက အသုံးပြုနေသော အပင်များဖြစ်ပါသည်။ အာဟာရဓာတ်တစ်ခုဖြစ်သော ပရိုတင်းမှာ နှံစားသီးနှံများထက် ပဲမျိုးစုံသီးနှံများက ၂ - ၃ ဆ ပို၍ပါဝင်ပါသည်။ ကမ္ဘာပေါ်တွင် ပဲမျိုးနွယ်ဝင်အပင်များသည် တတိယအများဆုံးပန်းပွင့်ပေးသော အပင်များဖြစ်ပြီး မျိုးစုပေါင်း ၆၅၀ ကျော် မျိုးစိတ်ပေါင်း ၁၈၀၀၀ ကျော်ရှိသော မျိုးရင်းအကြီးကြီး ဖြစ်ပါသည်။

**စိုက်ပျိုးထုတ်လုပ်ရေးတွင် နိုက်ထရိုဂျင်သည် အလိုအပ်ဆုံး အာဟာရဓာတ်**ဖြစ်ပြီး ဤလိုအပ်ချက်ကို အပင်များအတွက် နည်းလမ်းလေးမျိုးဖြင့် ရရှိနိုင်ပါသည်-

(က) မြေဆီလွှာအော်ဂဲနစ်ဓာတ်ပစ္စည်းများ ပြိုကွဲမှုမှ ရရှိနိုင်ခြင်း၊
(ခ) နိုက်ထရိုဂျင်ပါဝင်သော ဓာတ်မြေသြဇာများမှ ရရှိနိုင်ခြင်း၊
(ဂ) ပဲမျိုးရင်းဝင်အပင်များ၌ ရှိနေသော အကျိုးပြုဗက်တီးရီးယားများက လေထဲမှ နိုက်ထရိုဂျင်ကို ဇီဝနည်းဖြင့် ဖမ်းယူပေးခြင်း၊
(ဃ) အပူပိုင်းမြက်များရှိ အဏုဇီဝပိုးများက နိုက်ထရိုဂျင်ဖမ်းယူပေးခြင်း စသည်တို့ဖြစ်ပါသည်။

သြစတြေးလျနိုင်ငံ၌ ၁၉၈၈ ခုနှစ်က နိုက်ထရိုဂျင်ဓာတ်မြေသြဇာ တန်ပေါင်း ၃၅၀၀၀ အသုံးပြုနေချိန်တွင် ဇီဝနည်းဖြင့် နိုက်ထရိုဂျင်ဖမ်းယူနည်း (Biological Nitrogen Fixation)အရ တန်ချိန် ၁ ဒသမ ၂ သန်း ဖမ်းယူရရှိသည်ဟူ၍ သုတေသနပြုချက်အရ တွေ့ရှိခဲ့ရပါသည်။ အထွက်ကောင်းပြီး ကြီးထွားနှုန်းကောင်းသည့် ပဲမျိုးနွယ်ပင်မျိုးသည် တစ်ဟက်တာလျှင် တစ်နှစ် နိုက်ထရိုဂျင် တန် ၅၀၀ အထိ လေထဲမှ ဖမ်းယူပေးနိုင်ပါသည်။

ယခင်က ပဲမျိုးရင်းဝင်သစ်ပင်များကို သစ်တောနှင့် စိုက်ပျိုးရေးခွဲခြားမရ၍ သုတေသနပညာရှင် တော်တော်များများက လေ့လာမှုမလုပ်ဘဲ ပစ်ထားခဲ့ပါသည်။ သို့ရာတွင် ယခုတော့ ဤအပင်များ စိုက်ပျိုးပေးခြင်းအားဖြင့် အဓိကအားသာသော အချက်များမှာ-

(၁) သက်တမ်းရှည်၍ ထိန်းသိမ်းရာတွင် အခက်အခဲမရှိပါ။ သို့ဖြစ်၍ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိပါသည်။
(၂) အရည်အသွေးကောင်းမွန်သော တိရစ္ဆာန်အစားအစာ ဖြစ်ပါသည်။
(၃) အမြစ်နက်နက်ဆင်းနိုင်၍ တောင်စောင်းမြေများ စိုက်ပျိုးရာတွင် မြေဆီလွှာတိုက်စားမှုကာကွယ်ရန် အလွန်သင့်တော်ပါသည်။
(၄) သီးနှံစိုက်ပျိုးစနစ်တွင် နိုက်ထရိုဂျင်များစွာ ဖြည့်တင်းပေးနိုင်သော မြေဖုံးသီးနှံဖြစ်ပါသည်။
(၅) ပတ်ဝန်းကျင်ဆိုးရွားသော ဆားပေါက်မြေ၊ မိုးခေါင်ရေရှားဒေသများအတွက် အလွန်အသုံးဝင်ပါသည်။
(၆) ကျေးလက်လူထုအတွက် သစ်အစားထိုးနှင့် ထင်းအဖြစ် အသုံးဝင်ပါသည်။
(၇) ခြံစည်းရိုးပင်အဖြစ်လည်းကောင်း၊ နှစ်ရှည်ပင်များအတွက် အရိပ်ပင်နှင့် နွယ်တက်သော စိုက်ပျိုးပင်များအတွက် စင်အဖြစ်လည်းကောင်း အထောက်အပံ့ဖြစ်စေပါသည်။ ထိုကောင်းကျိုးများကြောင့် တစ်ကမ္ဘာလုံး များပြားစွာ သုတေသနပြု၊ အသုံးပြုလာပါပြီ။



မြေနိမ့်ချယ်ရီပန်းပွင့်များ။

(က) ပထမဦးစွာ တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုပုံကို ကြည့်ကြရအောင်ပါ။

တိရစ္ဆာန်တို့ကို လွှတ်ကျောင်းရာတွင် ဘာသာရပ်ဆိုင်ရာအသုံးအနှုန်း (Terminology)နှစ်ခု ရှိပါသည်-

- **Grazing**။ တိရစ္ဆာန်များက မြက်၊ ပဲများကို စားကျက်မြေတွင် သူ့အလိုအလျောက် ဆွဲယူစားသုံးခြင်း၊ (ဥပမာ - နွား၊ ကျွဲ)
- **Browsing** ။ တိရစ္ဆာန်များက သစ်ပင်၊ ချုံပင်များရှိ အရွက်၊ အညွန့်နု၊ အဖူး၊ ပင်စည်ငယ်စဉ်အခြေအနေများကို သူ့အလိုအလျောက် ဆွဲယူစားသုံးခြင်း၊ (ဥပမာ - ဆိတ်)

အာဖရိကတိုက်၏ တိရစ္ဆာန်အစာ ၇၅ ရာခိုင်နှုန်းမှာ သစ်ပင်၊ ချုံပင်များ ဖြစ်ပါသည်။ အစာအာဟာရအရည်အသွေးမှာ အကောင်းဆုံး ဘောစကိုင်းပင် (မီမိုဆင်း - Mimosine များစွာပါဝင်မှု၊ အဆိပ်အတောက်ဖြစ်မှု - Toxicity ကိုတော့ ထိန်းသိမ်းရပါမည်။)မှ အညံ့ဆုံး သြစတြေးလျအကေးရှားမျိုးများ (most Australian Acacia species) အထိရှိပါသည်။ အရည်အသွေးညံ့ရခြင်းမှာ တင်နင်(Tannins) ပါဝင်မှုများ၍ တိရစ္ဆာန်များအစာကြေညက်နိုင်မှု အားနည်းသွားနိုင်ပါသည်။

(ခ) **ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ခြင်း။** သုတေသနပြုလုပ်ချက်အရ တစ်ကမ္ဘာလုံး သစ်တောသစ်ပင်များ နှစ်စဉ်ခုတ်ယူ

**"လူသားများနှင့် တိရစ္ဆာန်များ၏ လိုအပ်သည်ထက် ပို၍ အမြတ်ထုတ်မှုကြောင့် သစ်ပင်ကြီးများ၊ ချုံပင်များပျက်စီးကာ လွင်တီးခေါင်ပြင်၊ သဲကန္တာရများ ဖြစ်ပေါ်နေပါသည်။ သစ်ပင်များမရှိ၍ မိုးခေါင်၊ ရာသီဥတုဖောက်ပြန်ခြင်းကို အကြီးမြန် ပဲမျိုးရင်းဝင် အပင်များစွာ စိုက်ပျိုးပေးခြင်းဖြင့် ထိန်းသိမ်းပေးနိုင်ပါလိမ့်မည်။ တစ်ဖန် တောင်စောင်းများ မြေဆီလွှာတိုက်စားရာတွင် ပဲမျိုးနွယ်ပင်၏ အမြစ်များက မြေဆီလွှာဆုံးရှုံးမှု မဖြစ်အောင် ကုပ်တွယ်ပေးထားပါလိမ့်မည်။ တောင်စောင်းဒေသ စိုက်ပျိုးနည်းပညာဖြင့်လည်း ပဲမျိုးနွယ်သစ်ပင်ကြီးများကို စိုက်ပျိုးပြီး ကြားဝင်ငွေရ သီးနှံများစွာကို စိုက်ပျိုးဝင်ငွေရနိုင်"**

မှု၏ တစ်ဝက်ကျော်ကျော်မှာ ချက်ပြုတ်ရန်နှင့် ဆောင်းတွင်း အပူပေးရန်တို့အတွက် သုံးစွဲနေရသည်ကို တွေ့ရှိနေရပါသည်။ ပဲမျိုးနွယ်သစ်ပင်ကြီးများ သုံးစွဲမှုသည် နှစ်စဉ် ပိုမိုတိုးတက်လာရခြင်းအကြောင်းမှာ-

* အကြီးမြန်ခြင်း၊
* လေထဲမှနိုက်ထရိုဂျင်ဖမ်းယူနိုင်စွမ်းရှိခြင်း၊
* စိုက်ခင်းစတင်တည်ထောင်ရန်လွယ်ကူခြင်း၊
* အချိန်တိုအတွင်း သစ်တော၊ ချုံနွယ်ဖြစ်သွားခြင်း၊
* ကယ်လိုရီတန်ဖိုးမြင့်သော သစ်ပင်များဖြစ်ခြင်း၊
* မီးရှို့လျှင် အဆိပ်အတောက်ဓာတ်ပစ္စည်းများ မထွက်ခြင်း၊
* ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် ပေါက်ရောက်ဖြစ်ထွန်းနိုင်ခြင်း၊
* အခြေအနေအရ အမျိုးမျိုးသုံးစွဲနိုင်ခြင်း စသည်တို့ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*



မြေနိမ့်ချယ်ရီပင်။



မြေနိမ့်ချယ်ရီပင်အား ခြံစည်းရိုးတိုင်အဖြစ် အသုံးပြုခြင်း။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့်ဆေးရုံအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နယ်မြေခံတပ်မတော်ဆေးရုံ၌ လူနာများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးဒေါ်နီလာအမျိုးသမီးနှင့်ကလေးကုသဆောင်၌ လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

---

*စာမျက်နှာ ၆ မှ*

(ဂ) **ပဲမျိုးနွယ်ပင်သစ်ပင်ကြီးများ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကာကွယ်ပေးနိုင်ခြင်း။** လူသားများနှင့် တိရစ္ဆာန်များ၏ လိုအပ်သည်ထက်ပို၍ အမြတ်ထုတ်မှုကြောင့် သစ်ပင်ကြီးများ၊ ချုံပင်များ ပျက်စီးကာ လွင်တီးခေါင်ပြင်၊ သဲကန္တာရများ ဖြစ်ပေါ်နေပါသည်။ သစ်ပင်များမရှိ၍ မိုးခေါင်၊ ရာသီဥတုဖောက်ပြန်ခြင်းကို အကြီးမြန် ပဲမျိုးရင်းဝင် အပင်များစွာ စိုက်ပျိုးပေးခြင်းဖြင့် ထိန်းသိမ်းပေးနိုင်ပါလိမ့်မည်။ တစ်ဖန် တောင်စောင်းများ မြေဆီလွှာတိုက်စားရာတွင် ပဲမျိုးနွယ်ပင်၏ အမြစ်များက မြေဆီလွှာဆုံးရှုံးမှုမဖြစ်အောင် ကုပ်တွယ်ပေးထားပါလိမ့်မည်။ တောင်စောင်းဒေသ စိုက်ပျိုးနည်းပညာဖြင့်လည်း ပဲမျိုးနွယ်သစ်ပင်ကြီးများကို စိုက်ပျိုးပြီး ကြားဝင်ငွေရသီးနှံများစွာကို စိုက်ပျိုးဝင်ငွေရနိုင်ပါသည်။

**သီးနှံသစ်တောစိုက်ခင်းတွင် အများဆုံးအသုံးပြုသော ပဲမျိုးနွယ်သစ်ပင်များမှာ**

(၁) ဘောစကိုင်း (ခေါ်) အဝေရာပင် – လူကေးနား (Leucaena leucocephala ) ဖြစ်ပါသည်။ (နောက်ဆောင်းပါးတွင်မှ ရေးပါမည်)

(၂) မြေနိမ့်ချယ်ရီ အပင်အကြောင်း စတင်လေ့လာရအောင်ပါ။

ဤအပင်သည် အလယ်အလတ်တန်းစားသစ်ပင်ဖြစ်ပြီး အပင်အမြင့် ၃၀ – ၃၅ ပေခန့် ရှိနိုင်ပါသည်။ အကြီးမြန် နိုက်ထရိုဂျင်ဖမ်းယူပေးသော အပင်ဖြစ်ရုံမက ကိုမာရင်ဓာတ် (Coumarin) အနံ့ဆိုးကြောင့် ခြင်ပြေးစေသော အပင်ဖြစ်ပါသည်။ ဤအပင်၏ အရွက်ထွက်နှုန်းမှာ ဘောစကိုင်းထက်ပိုပါသည်။ ဤအပင်၏ အားသာချက်နောက်တစ်ခုမှာ ဆစ်လစ်ဖျက်ပိုး (Complete resistance to defoliating Psyllid – Heteropsylla cubana) ဒဏ်ခံနိုင်ရည်ရှိသည့်အတွက် ဘောစကိုင်းထက် ရေပန်းစား၊ ခေတ်စားလာသော အပင်ဖြစ်လာပါသည်။ အပင်ကဆူးမပါပါ။ စိုက်ပြီး ခြောက်လမှ ရှစ်လအကြာ သီတင်းကျွတ်ပြီးချိန်တွင် ပန်းများ စတင်ပွင့်ပြီး မတ်လလောက်အထိ ပွင့်သီးနိုင်ပါသည်။

**အသုံးပြုပုံများ**

ဤအပင်ကို

(က) ထင်းအဖြစ် အသုံးပြုနိုင်ပါသည်။ ယင်းသည် ဖြည်းညင်းစွာ မီးလောင်နိုင်ပြီး အပူတန်ဖိုး တစ်ကီလို ၁၉ ဒသမ ၈ မက်ဂါဂျူး (19.8 MJ/kg)အထိ ရရှိနိုင်ပါသည်။ တစ်နှစ်လျှင် တစ်ဟက်တာ ထင်း ၆ ဒသမ ၃ တန် အထိထွက်နိုင်ပါသည်။

(ခ) ဆောက်လုပ်ရေးသုံးတိုင်နှင့် သက်ရှိခြံစည်းရိုးတိုင်အဖြစ် အသုံးပြုနိုင်ပါသည်။ ယင်းသည် ခြံတိုင်အဖြစ် တစ်ပေမှ ခြောက်ပေအကွာနှင့် အချင်း ခြောက်လက်မ ကျင်းတူး၍ တိုက်ရိုက်စိုက်ပျိုးသွားနိုင်ပါသည်။

(ဂ) သီးနှံအထွက်တိုးရေး အထောက်အကူပြုအပင်နှင့် သစ်ရွက်စိမ်းမြေဩဇာအဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ထိုအပင်၏ အရွက်များကို ခြွေ၍ မြေကြီးထဲသို့ ထည့်ပေးခြင်းဖြင့် သစ်စိမ်းမြေဩဇာ ဖြစ်သွားပါသည်။

(ဃ) အရိပ်ပင်အဖြစ် ကော်ဖီစိုက်ပျိုးရေးနှင့် ကိုကိုး(Cocoa) စိုက်ပျိုးရာတွင် အပင်ငယ်စဉ် အရိပ်ပင်အဖြစ် အသုံးပြုနိုင်ပါသည်။

(င) တိရစ္ဆာန်အစာအဖြစ် အသုံးပြုရာတွင် အရွက်အခြောက်ထုတ်လုပ်မှုသည် တစ်နှစ် တစ်ဟက်တာ နှစ်တန်မှ တန် ၂၀ အထိ ထွက်ရှိနိုင်ပါသည်။

(စ) ပျားမွေးမြူရေးအတွက် ဤအပင်၏ ပန်းပွင့်များက ပျားဝတ်မှုန်ကူးရာတွင် အသုံးပြုခြင်းဖြင့် ထိုမြေနိမ့်ချယ်ရီပင်အနေဖြင့် တောင်သူအကျိုးပြုလုပ်ငန်းများများစွာအသုံးပြုနိုင်ပါသည်။

**(မှတ်ချက်။ အခြားအသုံးဝင်သော ပဲမျိုးရင်းဝင်သစ်ပင်၊ ချုံပင်များအကြောင်း ဆက်ရေးပါဦးမည်။ )**

**စာရေးသူ၏အတွေး**

နိုင်ငံတကာတွင် စိုက်ပျိုး၊ မွေးမြူ၊ သစ်တောကဏ္ဍများသည် တစ်ခုတည်း၊ တစ်နေရာတည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဥပမာ– သီးနှံ–မွေးမြူ–သစ်တောစိုက်ပျိုးပြုစုခြင်း (Agroforestry) ပညာရပ်ကို စုပေါင်းဆောင်ရွက်ကြပြီး တက္ကသိုလ်များမှ ဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့အစီအစဉ်များစွာ စုပေါင်းဘွဲ့ပေးနေကြပါသည်။

တက္ကသိုလ်များမှ နိုင်ငံအလိုက်၊ ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုကွဲပြားမှုအလိုက် ဘွဲ့လွန်သုတေသနများစွာ ပြုလုပ်နေကြပါသည်။ တွေ့ရှိချက်များမှ တောင်သူလယ်သမားဦးကြီးများ၏ မြေဆီလွှာ အာဟာရဓာတ် ပြန်လည်ပြည့်ဖြိုးလာရေးကို ဦးစားပေးရင်း တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် **ဓာတ်မြေဩဇာအစားထိုးလုပ်ငန်းများ**ကို ရေရှည်ဆောင်ရွက်လျက်ရှိနေကြပါသည်။

နိုင်ငံတကာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ထားသော စားကျက်ပဲ စိုက်ပျိုးပြုစုထုတ်လုပ်ရေးကို ရှေးနှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်နေကြပုံ၊ အသား၊ နို့ထုတ်လုပ်မှုလည်း တိုးတက်၊ မြေဆီလွှာအာဟာရဓာတ်လည်း တိုးတက်လာနေပုံများကိုလည်း ဆက်လက်ရေးသား ဆွေးနွေးပါဦးမည်။ ။

**မှီငြမ်းကိုးကား –**

**Gutteridge, R.C. and Shelton, H.M. (1994). Tropical Tree Legumes. CAB International. 313p.**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (မြေညီထပ်) ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ အဖွဲ့ဝင်နှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သုံးရက်တိုင် ကျင်းပပြုလုပ်သွားမည်**

ဦးစွာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မေ ၃၀ ရက်တွင် ကျရောက်မည့် ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်မြောက်သည့်နေ့ဖြစ်သည့်အတွက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် သုံးရက်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် တင်ပြခဲ့ပြီးဖြစ်ကြောင်း။

**ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန်လို**

သံဃာတော်များပင့်ဆောင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီအနေဖြင့် ဖိတ်စာနှင့် ပင့်လျှောက်လွှာများ လက်ခံရရှိခြင်း ရှိ/မရှိကိုပါစိစစ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးရုံးကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြပေးရန်လိုကြောင်း၊ အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများခင်းကျင်းပြသရေးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေးဆပ်ကော်မတီအနေဖြင့် ပြတိုက်ပြခန်းများ ခင်းကျင်းပြသရမည့် အခြေအနေများကို ရှင်းပြမည့် တာဝန်ရှိသူများအား အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ အသုံးအနှုန်းကအစ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရေးဆပ်ကော်မတီအနေဖြင့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေး ဆောင်ရွက်လျက်ရှိရာ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်မဖြစ်သည့် စာမူများဖြစ်ရန်၊ အဓမ္မဝါဒီစာမူများမဖြစ်စေရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဥယျောဇဉ်နှင့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သဝဏ်လွှာနှင့် မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနသို့ မေ ၈ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ဒေဝါဝင်းရာဇာဝင်းများဖြင့် လှည့်လည်ပူဇော်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီအနေဖြင့် ပိဋကသုံးပုံကို မင်္ဂလာဆင်တော်ဖြင့် ပင့်ဆောင်မည့်အခြေအနေနှင့် လေ့ကျင့်သင်ကြားပေးနေသည့်မင်္ဂလာဆင်တော်၏အခြေအနေကိုလည်း တင်ပြပေးစေလိုကြောင်း၊ ဆပ်ကော်မတီအသီးသီးနှင့် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများ၊ ဆောင်ရွက်ရမည့်အစီအမံများ၊ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အကြံပြုချက်များကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။

**အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေနိုင်ရေး**

ထို့နောက် ကျင်းပရေးနာယကအဖွဲ့ အဖွဲ့ဝင် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့်ရုပ်တုများ ခင်းကျင်းပြသရေးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရေးဆပ်ကော်မတီအနေဖြင့် ဆဋ္ဌသင်္ဂါယနာတင် ၃၁ အုပ် Scan ဖတ်ပြီး အုပ်ရေ ၅၀၀ ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်ပစ္စည်းများအနေဖြင့် တီရှပ်၊ ရေခွက်၊ ကီးချိန်း၊ ဘောပင်၊ ပြက္ခဒိန်များ ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အစွမ်းကုန်ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နေ့ရက်အလိုက် ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းစဉ်များ ကြည့်ရှုအားပေး

**ရန်ကုန် မေ ၂၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမားများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရသည့် ဝန်ထမ်းများဖြစ်၍ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့်အလုပ်ဖြစ်သဖြင့် စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်သည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရေး၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သော ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကို အခြေခံအဆင့်မှစ၍ မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဝန်ထမ်းများအပါအဝင် ဝန်ထမ်းမိသားစုများ၏ ပညာရေးကို အဆင့်မြှင့်တင်နိုင်ရေး ဝန်ထမ်းများအနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးနှင့်စပ်လျဉ်း၍လည်း အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသဝန်ဆောင်မှုကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်းမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာနနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အာမခံအလုပ်သမားလူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး လှူဒါန်းငွေများပေးအပ်ကာ



အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းများ ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံ (ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ စာချုပ်ဆေးခန်း ၅၃ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်းငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၄၆၆၈၅ ဦးကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးဖိုးပြန်အမ်းအမှုတွဲ ၇၇၈၀၇ မှုအတွက် ငွေကျပ် ၇၉၇၄ ဒသမ ၃၉၆ သန်းကို ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဧပြီ ၂၂

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေ များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသုံးသပ်ပြီး တိုးတက်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေနှင့် အခြား ရရှိနိုင်မည့် နည်းလမ်းများကိုလည်း စီမံဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကိုလည်း အမြန်ဆုံးပြီးစီးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်း များကို တွန်းအားပေးကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ဖျက်ဆီးခံရသည့် အချို့သော ရေအား လျှပ်စစ်စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို အမြန်ဆုံးပြုပြင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်း များ ဆောင်ရွက်နေချိန်တွင်လည်း အကြမ်းဖက် တိုက်ခိုက်မှုများခံရပြီး မိမိတို့ဝန်ထမ်းများ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများကြောင့် နှောင့်နှေးကြန့်ကြာ မှုများရှိပါကြောင်း၊ စီမံကိန်းများပြီးစီးမှု နောက်ကျခဲ့ ခြင်းကြောင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ် ချက်ကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိခဲ့ ကြောင်း၊ LNG သည် ဈေးနှုန်းကြီးမြင့်သော်လည်း လတ်တလောတွင် အချိန်အတိုင်းအတာတစ်ခု အထိ ဖြည့်ဆည်းသုံးစွဲနေကြရမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် LNG ဖြင့် ပို့လွှတ်သည့် လျှပ်စစ် ဓာတ်အားကို တစ်ယူနစ်လျှင် ၉၀၀ ကျပ်နှုန်း သီးသန့် ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြတ်တောက်မှုမရှိဘဲ စက်မှုဇုန်များ၊ လုပ်ငန်းကြီးများသို့ ဖြန့်ဖြူးပေးလျက် ရှိသည့် အခြေအနေများနှင့် ပူပြင်းသည့် ယခုကာလ များတွင် အများပြည်သူ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲ ခွင့်ရရှိနိုင်ရန် ရရှိနိုင်သည့်စွမ်းအင်အရင်းအမြစ်များ ကို စနစ်တကျ စစ်ထုတ်သုံးစွဲပြီး Power Generation ကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ်များကို တွက်ချက်မှုများ ဆောင်ရွက်ပြီးနောက် ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတို့မှ လက်ရှိဓာတ်အား ထုတ်လုပ်နေမှုအပြင် ပိုမိုရရှိလာသော သဘာဝ ဓာတ်ငွေ့ဖြင့် ထိရောက်မှုရှိအောင် ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အစီအမံများကို ချမှတ် ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၆ နာရီမှ ၁၈ နာရီ ဓာတ်အားဖြန့်ဖြူးနေမှုအစား ၁၈ နာရီမှ နာရီ ၂၀ အထိ တိုးမြှင့်၍လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးအတွင်း ၁၄ နာရီမှ ၁၆ နာရီအစား ၁၆ နာရီမှ ၁၈ နာရီအထိ တိုးမြှင့်၍လည်းကောင်း၊ အခြား ပြည်နယ်/တိုင်းဒေသကြီးများအတွက် ၁၂ နာရီခန့် ဓာတ်အားဖြန့်ဖြူးနေမှုအစား အနည်းဆုံး ၁၄ နာရီ နေ့စဉ်ဖြန့်ဖြူးပေးခြင်းကို ယနေ့ညနေ ၃ နာရီမှ စတင်တိုးမြှင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံတော်သမ္မတ၏မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ညှိနှိုင်းအစည်းအဝေးတက်ရောက်

**ထားဝယ် ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့ နိုင်ငံတော်သမ္မတ၏ မှာကြား ချက်များကို ထပ်ဆင့်ရှင်းလင်း ခြင်းနှင့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီက ထားဝယ် မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**



အစည်းအဝေးတွင် တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက နိုင်ငံတော်သမ္မတ၏ မှာကြားချက် များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေး ပြောကြားပြီး တနင်္သာရီတိုင်း ဒေသကြီးသည် ရေခံမြေခံကောင်း ၍ မိုးစပါး၊ ရော်ဘာ၊ ကိုကိုး၊ ကော်ဖီ စသည်ဖြင့် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ကြောင်း၊ မွေးမြူရေး တွင်ဥစားကြက်၊ အသားစားကြက် စသည်ဖြင့် ဇုန်များ သတ်မှတ်ကာ မွေးမြူပါက ဒေသဝမ်းစာဖူလုံ ကြောင်း၊ မိမိတို့ဒေသတွင် အလုပ် အကိုင်အခွင့်အလမ်း နည်းပါး သောကြောင့် လူငယ်များက တစ်ဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်နေရသည်ကို တွေ့ရှိရ ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် MSME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် မည်ဆိုပါက စက်ရုံ၊ အလုပ်ရုံ များ တည်ဆောက်နိုင်မည်ဖြစ်သော ကြောင့် မိမိဒေသတွင် အလုပ် အကိုင်အခွင့်အလမ်း များပြားလာ နိုင်ကြောင်း၊ မိမိဒေသမှ ထွက်ရှိ သော ရော်ဘာ၊ ဆီအုန်းများ သည် ကုန်ကြမ်းများဖြစ်ပြီး ကုန်ချောစက်ရုံ မရှိသောကြောင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချ နေရကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်မည် ဆိုပါက မိမိဒေသ GDP တိုးတက် လာမည်ဖြစ်ကြောင်း၊ လျှပ်စစ် ကဏ္ဍအနေဖြင့် တိုင်းဒေသကြီးရှိ ခရိုင်/မြို့နယ်များတွင် လျှပ်စစ်မီး အပြည့်အဝရရှိနေကြပြီး အချို့ နေရာများတွင် ဆိုလာဖြင့် ဆောင်ရွက်ပေးထားသည်များရှိ ကြောင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် လျှပ်စစ်မီးအပြည့် အဝရရှိရေး ကြိုးစားဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ဌာန ဆိုင်ရာများအနေဖြင့် မိမိဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ကို အကောင်အထည်ဖော်ဆောင် ရွက်မည်ဆိုပါက လုပ်ငန်းများ အောင်မြင်လာနိုင်ကြောင်း၊ ပြည်သူ ကို ဗဟိုပြုသော လုပ်ငန်းများကို စေတနာထား၍ လုပ်ကိုင်ဆောင် ရွက်ပါက အောင်မြင်လာနိုင်ပြီး ပြည်သူက ယုံကြည်ကိုးစားလာ အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီး ဌာနအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်သည် များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှု အခြေအနေ များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြရာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့များသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲ သည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူ ချောမွေ့စေရေးအတွက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ စတင်ကာ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်မြို့မှ ရခိုင် ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့များသို့ ရက်သတ္တ တစ်ပတ်လျှင် ၃ ရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲပေးသွားမည် ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |
| ၂ | ဗုဒ္ဓဟူးနေ့ | ရန်ကုန်-ကျောက်ဖြူ-မာန်အောင်-ရန်ကုန် |
| ၃ | သောကြာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြုကာ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့များသို့ ရက်သတ္တတစ်ပတ် လျှင် ၆ ရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၂ | အင်္ဂါနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၃ | ဗုဒ္ဓဟူးနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၄ | ကြာသပတေးနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၅ | သောကြာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၆ | တနင်္ဂနွေနေ့ | မြိတ်-ထားဝယ်-မြိတ် |

တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ်အသေးစိတ်အချက်အလက် များနှင့် လေယာဉ်လက်မှတ်များအား မြန်မာအမျိုးသားလေကြောင်း Website ဖြစ်သည့် www.flymna.com တွင် ဝင်ရောက် ကြည့်ရှု ဝယ်ယူနိုင်ပြီး သက်ဆိုင်ရာမြို့များရှိ လေယာဉ်လက်မှတ် အရောင်း ကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

# ကျေးလက်မီးလင်းရေးခရီး နီးဖို့ရာ

မယ်အိမ့်(ကျေးလက်)

စာရေးသူတို့အဖွဲ့ အောင်မြန်မာကျေးရွာဆိပ်ကမ်းက ခွာတော့ ည ၇ နာရီဝန်းကျင်ရှိပြီဖြစ်သည်။ ပင်လယ်ပြင်တစ်ခုလုံး မှောင်အတိ။ စာရေးသူတို့ ညအိပ်ရပ်နားမည့် အောင်ဘာကျေးရွာရှိရာ တစ်ဖက်ကမ်းကို မျှော်ကြည့်မိတော့ မီးရောင်တစ်လက်လက်ဖြင့် အမှောင်ယံကြား ဝင့်ဝင့်ကြွားကြွားရှိနေသော ရွာကလေးကို လှမ်းမြင်ရသည်။ ခွာခဲ့သည့်ဆိပ်ကမ်းကို လည်ပြန်ကြည့်မိပြန်တော့ မှောင်ပိတ်ပိတ်ပင်လယ်ကမ်းနဖူးရှိ အောင်မြန်မာရွာလေးသည်လည်း မီးရောင်တဖိတ်ဖိတ်ဖြင့် လင်းလက်လျက်။ ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း… ကမ်းနဖူးပေါ်ရှိ ရွာလေးနှစ်ရွာကို ညအမှောင်ထဲ လင်းထိန်တောက်ပနေတာ မြင်ရသည်ကပင် စာရေးသူအဖို့မှာ ကြည်နူးစရာ။ ကြည်နူးရသည့် အကြောင်းရင်းကလည်း ရှိသည်ဆိုရမည်။

**အတူမျှဝေခံစားချင်ပါသော ထိုပီတိ…**

ကျေးရွာနှစ်ရွာလုံးသည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း တည်ရှိပြီး အောင်ဘာကျေးရွာတွင် ၁၇၀ ဒသမ ၂၄ ကီလိုဝပ်ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် အောင်မြန်မာကျေးရွာတွင် ၁၇၁ ဒသမ ၆ ကီလိုဝပ်ဆိုလာအသေးစား ဓာတ်အားပေးစနစ်တို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အောင်ဘာကျေးရွာအတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးနောက် အောင်မြန်မာကျေးရွာ၌ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ဓာတ်အားစတင်ဖြန့်ဖြူးခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် အိမ်ခြေ ၄၀၀၊ ၄၅၀ ဝန်းကျင်ခန့် လျှပ်စစ်မီးချိတ်ဆက်ရယူပြီးဖြစ်ကြောင်း သိရသည်။

စာရေးသူတို့အဖွဲ့ အောင်ဘာကျေးရွာရောက်တော့ ည ၇ နာရီကျော် ၈ နာရီထိုးလုပြီဖြစ်ရာ ဒီလိုအချိန် အချို့မြို့ပြများမှာပင်လျှင် ဆိုင်ဟူသမျှပိတ်ကာ ဆိတ်ငြိမ်ကြချိန်မို့ စာရေးသူစိတ်ထဲတွင်တော့ တစ်ရွာလုံး ငြိမ်သက်အိပ်စက်နေလောက်ပြီဟု တွေးဆထားခဲ့သည်။ တကယ်တမ်း ရွာထဲရောက်တော့ လမ်းမီးတွေက ထိန်ထိန်၊ ဈေးဆိုင်တွေကလည်း မီးတထိန်ထိန်ဖြင့် ရောင်းတုန်းဝယ်တုန်း၊ ကွန်ပျူတာဆိုင်ကလည်း စာတဖြောက်ဖြောက်ရိုက်တုန်း၊ မော်တာအပ်ချုပ်စက်ဆိုင်ကလည်း တချုန်းချုန်း ချုပ်တုန်း၊ ဒယ်နီလေးနှင့် မုန့်ကြော်ရောင်းနေသူကလည်း ရောင်းချတုန်း၊ တစ်ရွာလုံး မြို့ပြနှင့်မခြား လင်းထိန်နေလေတော့ ရွာထဲလမ်းလျှောက်ရင်း စနည်းနာထွက်လာသည့် စာရေးသူတို့ တစ်ဖွဲ့လုံးမှာလည်း ပျော်တပြုံးပြုံး ဖြစ်ရတော့သည်။

ကိုယ့်တိုင်းပြည်ထဲက ဝေးလံခေါင်ဖျား ကမ်းရိုးတန်းကျေးရွာလေးတွေ လျှပ်စစ်မီးထိန်ထိန်ညီးနေတာ မြင်ရသည့်ပီတိ၊ ဦးစီးဌာန၏ ပင်မတာဝန်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ဆိုသကဲ့သို့ အထောက်အပံ့ကောင်းဖြစ်နေသည်ကို မျက်ဝါးထင်ထင် မြင်ရသည့်ပီတိ…ဤပီတိက ဘယ်အရာနှင့်မျှ နှိုင်းဆ၍မရသည်အထိ။

စာရေးသူတို့မှာတော့ ပီတိကို စားသုံးရသည့် အခိုက်အတန့်များရှိသကဲ့သို့ စနစ်ချွတ်ယွင်းသံ၊ မီးပျက်သံကြားရ၍ စိတ်နှလုံး မသာမယာဖြစ်ရသည့် အခါများလည်း ရှိသည်ပင်။

ယနေ့အချိန်အထိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် အသေးစားဓာတ်အားပေးစနစ်လုပ်ငန်းပေါင်း ၁၄၁ ခုအထိရှိခဲ့ပြီ။ သည်လုပ်ငန်းပေါင်း ၁၄၁ ခုမှ ကျေးရွာပေါင်း ၁၈၀ လျှပ်စစ်မီးဖြန့်ဖြူးပေးနေသည်ဖြစ်ရာ ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုသလို ဝမ်းသာကြည်နူးရသည့်အခိုက်အတန့်များရှိသကဲ့သို့ ပူပန်မောပန်းရသည့် အခိုက်အတန့်များလည်းရှိသည်။ လူသားတို့ တည်ဆောက်ဖန်တီးသည့် စနစ်တစ်ခုဖြစ်လေတော့ အားသာချက်များရှိသလို အားနည်းချက်များလည်းရှိသည်။

**လုပ်ငန်းလည်ပတ်ကာလ**

**တွေ့ရကြုံရ ကိစ္စအထွေထွေ…**

စာရေးသူတို့မှာ ဆောင်ရွက်ဆဲလုပ်ငန်းများ အချိန်မီပြီးစီးအောင်၊ လျာထားလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်အောင် ကြိုးစားကြရသည့်နည်းတူ ဆောင်ရွက်ပြီးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှု၊ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်စစ်ဆေးကြရသည်။ သက်ဆိုင်ရာ စီမံကိန်းကျေးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဦးစီးဌာနမှ မီးလင်းရေးတာဝန်ခံများဖြင့် Viber Group အသီးသီးဖွဲ့ကာ ရွာရှိအခြေအနေကို အချိန်ပြည့် မျက်စိဖွင့် နားစွင့်နေကြရသည်။

“ဘယ်စက်က ဘာချွတ်ယွင်းလို့”၊ “Pre-paid Meter ထဲ ငွေဖြည့်တာ Error တက်လို့” ဆိုသည်မျိုးမှ အစ လိုအပ်ချက်ကိုလိုက်၍ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရသည်။ ကိုယ့်စီမံကိန်းကျေးရွာများတွင် မီးလင်းနေတာမြင်ရ၊ အဆင်ပြေတာကြားရမှ စိတ်အေးချမ်းသာ ရှိကြရသူများပါပင်။

စင်စစ်မူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်များသည် ဒေသအလိုက် စွမ်းအင်ရရှိမှုအခြေအနေနှင့် ဓာတ်အားလိုအပ်ချက်အပေါ်မူတည်၍ စွမ်းအင်သိုလှောင်စနစ်နှင့် အရန်ဒီဇယ်အင်ဂျင်စနစ် ထည့်သွင်းဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

သို့ရာတွင် လုပ်ငန်းလည်ပတ်ပြီး နှစ်ကာလတစ်ခုကြာမြင့်သည့်အခါ ဘက်ထရီ၏ စွမ်းအင်သိုလှောင်နိုင်စွမ်းမှာ တဖြည်းဖြည်း ကျဆင်းစပြုလာခြင်း၊ ကျေးရွာ၏ စွမ်းအင်သုံးစွဲမှု မြင့်မားလာခြင်းတို့ကြောင့် ၂၄ နာရီပတ်လုံး ဓာတ်အားရရှိနိုင်ရန် မလွယ်ကူတော့ဘဲ ဒီဇယ်အင်ဂျင်ဖြင့် ဖေးကူရသည်များရှိလာသည်ကို တွေ့ရသည်။ ထိုအခါ လုပ်ငန်းစတင်ဆောင်ရွက်စဉ်က စက်သုံးဆီဈေးနှုန်းအရ မူလဓာတ်အားခမှာ တစ်ယူနစ် ကျပ် ၁၀၀ မှ ၅၀၀ အတွင်း၊ အများစုမှာ ကျပ် ၃၀၀၊ ၃၅၀ ခန့်သာဖြစ်သော်လည်း ယခုကာလကဲ့သို့ စက်သုံးဆီဈေးနှုန်းမြင့်တက်လာချိန်တွင်မူ ကျေးရွာနှင့်ညှိနှိုင်း၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဓာတ်အားခ နှုန်းထားတိုးမြှင့်သတ်မှတ်ပေးရသည်များ ရှိလာသည်။

ဓာတ်အားခ တိုးမြှင့်ရသည့်တိုင် ဒီဇယ်အင်ဂျင်ဖြင့် နာရီများစွာ မောင်းနှင်ပေးရန် မဖြစ်နိုင်သည့်အတွက် နာရီအပိုင်းအခြားဖြင့် မီးပေးရသည်များလည်း ရှိတတ်ပြန်သည်။ အောင်ဘာနှင့် အောင်မြန်မာကျေးရွာတို့တွင်ဆိုလျှင် မူလက ဓာတ်အားခ တစ်ယူနစ် ကျပ် ၃၅၀ ခန့်ဖြစ်သော်လည်း နောက်ပိုင်းတွင် စက်သုံးဆီဈေးနှုန်းကြောင့် ကျပ် ၅၀၀ နှုန်း တိုးမြှင့်ကောက်ခံထားရှိသည်ကို တွေ့ရသည်။ မည်သို့ဆိုစေ တနင်္သာရီတိုင်းဒေသကြီးတွင်မူ ယခုနှုန်းထားမှာ သမမျှတသည့်နှုန်းထားဟု သုံးသပ်ရမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးကျေးလက်မှ ပြုစုခဲ့သည့် စာရင်းအရ ကျေးရွာပေါင်း ၁၃၀၀ ကျော်ရှိသည့်အနက် ၇၇ ရာခိုင်နှုန်းခန့်သည် စာရေးသူတို့ဦးစီးဌာနက ဆောင်ရွက်ပေးသည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်၊ အိမ်သုံးဆိုလာစနစ်များ အပါအဝင် သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ အသေးစားရေအားလျှပ်စစ်တို့ဖြင့် လျှပ်စစ်မီးရရှိလျက်ရှိကြောင်း သိရသည်။ ဓာတ်အားပေးစနစ်အများစုမှာ ပုဂ္ဂလိကမှ ဆောင်ရွက်ခြင်းဖြစ်ပြီး ဓာတ်အားခ ကျပ် ၄၉၀ မှ ၁၅၉၉ ကျပ်ဝန်းကျင် ကောက်ခံလျက်ရှိကြောင်း တွေ့ရသည်။ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားပေးသည့်စနစ်မှာ ဓာတ်အားခ အသက်သာဆုံးဖြစ်ပြီး ထားဝယ်ခရိုင် တစ်ခုလုံးကို သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အနေဖြင့်မူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၂ ရွာအတွက် ဆိုလာအသေးစား ဓာတ်အားပေးလုပ်ငန်းပေါင်း ၃၈ ခုနှင့် ကျေးရွာပေါင်း ၅၃၁ ရွာတွင် အိမ်သုံးဆိုလာစနစ်များ ဆောင်ရွက်ထားရှိပါသည်။

မီးမရရှိသေးသည့်ကျေးရွာပေါင်း ၂၈၀ ကျော်နှင့် အိမ်သုံးဆိုလာစနစ်ကို အဓိကအားပြုနေရသော ကျေးရွာများအတွက် စဉ်းစားကြရပါဦးမည်။ စာရေးသူမှာ လူကသာ အောင်ဘာကျေးရွာတွင်ရှိနေသည်၊ စိတ်အစဉ်တစ်ခုလုံးက လမ်းတစ်လျှောက်တွေ့မြင်ခဲ့ရသည့် မီးမရရှိသေးသော ကျေးရွာလေးတွေဆီ ပြေးလွှားရောက်ရှိနေသည်။ မဟာဓာတ်အားလိုင်းပြင်ပ ဧရိယာအတွင်း၌ပင် မီးလင်းရန် ကျန်ကျေးရွာပေါင်း ၁၀၀၀၀ ကျော် ကျန်ရှိနေပါသေးသည်။

နောက်ရက်တွင် အောင်ဘာနှင့် မနီးမဝေးရှိ ဘာလိအော်ကျေးရွာသို့ သွားဖြစ်ခဲ့သည်။ ဘာလိအော်တွင်လည်း စာရေးသူတို့ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်ရှိသည်။ လျှပ်စစ်မီးသုံးစွဲမှုနှုန်း မြင့်မားသည်ကို အားရဖွယ် တွေ့မြင်ရသည်။ ထိုသို့ ဓာတ်အားသုံးစွဲမှုမြင့်မားခြင်းကြောင့်လည်း အောင်ဘာနှင့် ဘာလိအော် နှစ်ရွာလုံးရှိ ဓာတ်အားပေးစနစ်များကို တပ်ဆင်စွမ်းအားတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ဘဏ္ဍာငွေရရှိမှုအခြေအနေအရ အောင်မြန်မာကျေးရွာကိုတော့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်မှ တပ်ဆင်စွမ်းအားတိုးမြှင့်ပေးရန် ထည့်သွင်းလျာထားခဲ့ရသည်။ ဤကျေးရွာများကဲ့သို့ပင် တပ်ဆင်စွမ်းအား တိုးမြှင့်ပေးရန် လိုအပ်နေသည့်ကျေးရွာများ များစွာကျန်ရှိနေပါသေးသည်။ ဓာတ်အားမလုံလောက်သည့်

*စာမျက်နှာ ၁၁ သို့*



အောင်ဘာကျေးရွာအတွင်း ညမြင်ကွင်း။

- ❖ **မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ဝေးကွာသည့် ဝေးလံခေါင်ဖျား ကျေးရွာများ၊ နောင် ၁၀ နှစ်/၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိနိုင်သည့် ကျေးရွာများအတွက် မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို မဟာဓာတ်အားလိုင်း မရောက်မီကြားကာလအတွင်း အကြိုမီးလင်းရေးစနစ်ကို စာရေးသူတို့ဦးစီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်အထိ မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၄၁ ဒသမ ၂၅ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်**
- ❖ **အကြိုမီးလင်းရေးစနစ်ဆိုသော်ငြား အသေးစားဓာတ်အားပေးစနစ်ဟူသည် ဆေးမြီးတိုမျှသာ မဟုတ်ဘဲ ကျေးလက်လူမှုစီးပွားမြင့်မားရေးအပါအဝင် ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့်အပြင် မဟာဓာတ်အားလိုင်း ရောက်ရှိလာပါကလည်း ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့်အတွက် အသေးစားဓာတ်အားစနစ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ပြည် - ပုဂံရထားလမ်းပိုင်းရှိ တောင်တွင်းကြီးဘူတာနှင့် ရန်ပယ်ချောင်းတံတားပြုပြင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်တွင်းကြီး ဘူတာ၊ ပြည် – ပုဂံရထားလမ်းပိုင်းတွင် တံတားရေလယ်တိုင် နိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့် တံတားအမှတ် (၃၄၃) ရန်ပယ်ချောင်းကူးရထားလမ်း တံတားပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးဘူတာသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားကာ ဘူတာယာဒ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်ရန်၊ ဘူတာမှာ သက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် ပျက်စီးမှုများကို ဦးစားပေးအလိုက် ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်၊ ဘူတာယာဒ်ဝင်းရှိ ရထားလမ်းများအတွင်း လမ်းခင်းကျောက်များ ဖြည့်တင်းသွားရန်၊ သံလမ်းထိန်းကလစ်များ အပြည့်အဝ တပ်ဆင်ရန်၊ ဒီဇယ်စက်ခေါင်းရုံအတွင်း ထားရှိသော RBE များအနက် အကြီးစားပြင်ဆင်ရန် လိုအပ်လျက်ရှိသည့် RBE–2512 နှင့် RBE–2513 စက်ခေါင်းများကို RBE အကြီးတန်းစက်ရုံ(ရန်ကုန်)တွင် အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းနေအိမ်လိုင်းခန်းများ လိုအပ်ချက်ရှိနေသဖြင့် နှစ်အလိုက်လျာထားတည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ပြည် – ပုဂံ ရထားလမ်းပိုင်း၊ ဆတ်သွား – ပရပ်ကြယ် ဘူတာကြားရှိ တံတားအမှတ် (၃၄၃) ရန်ပယ်ချောင်းကူး ရထားလမ်းတံတားသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တံတားရေလယ်တိုင် အမှတ်(၂)နှင့် အမှတ်(၃)တို့ နိမ့်ကျမှုဖြစ်ပွားခဲ့သည့် တံတားပြန်လည်တည်ဆောက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ တံတားပေါ်ရှိ သံလမ်းနှင့် ကွန်ကရစ် ဇလီဖားတုံးများအား ဖြုတ်သိမ်းထားရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း တံတားတိုင်ဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆတ်သွားဘူတာသို့ရောက်ရှိပြီး ဘူတာယာဒ်ဝင်းအတွင်းရှိ သံလမ်းများတွင် သတ်မှတ်ကွန်ကရစ် ဇလီဖား အရေအတွက်အတိုင်း ထည့်ရန်၊ ဘူတာစင်္ကြံအတွင်းရှိ ကြမ်းခင်းများ ပြန်လည်ပြုပြင်ရန်၊ ရထားစီးခရီးသွားများ စိတ်ချမ်းမြေ့စေရန် အလှပန်းပင်များ စိုက်ပျိုးပြီး အမြဲသန့်ရှင်း သပ်ရပ်အောင် ဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည် ကြွခိုင်မှု၊ ဓနသိဒ္ဓိရေပေးဝေရေးစက်ရုံမှ ရေဖြန့်ဝေပေးမည့်အခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်သည် ကော်မတီဝင် ဦးကျော်ကျော်အောင်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်နှင့် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရေပေးဝေရေး စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် ရေသန့်စင်စက်ရုံသို့ သွားရောက်ကြည့်ရှုရာ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူးက ရန်အောင်မြင် ရေသန့်စင်စက်ရုံမှ တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၂၅ သန်း သန့်စင်ပေးနိုင်သည့် အနှေးနှုန်း ရေသန့်စင်ကန် သုံးခုဖြင့် စုစုပေါင်း ၃ ဒသမ ၇၅သန်း စစ်ထုတ်နေမှု၊ စစ်ထုတ်ပြီးရေများကိုပိုတောက်ရေပေးရေးဝင်းနှင့် (၅၃၅) ရေပေးရေးဝင်းတို့သို့ပေးပို့ပြီး သုံးစွဲသူများထံသို့ သောက်သုံးရေ ပေးဝေနေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်က ရေအရည်အသွေးကောင်းမွန်စေရေး၊ သန့်စင်ပြီး ရေပမာဏ လုံလောက်စွာ ထွက်ရှိရေးတို့ကို ဂရုတစိုက် ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည် ရေယူအဆောက်အအုံ (Intake Tower) သို့ ရောက်ရှိပြီး ယာယီတပ်ဆင်ထားသော ပန့်မော်တာ ခြောက်လုံးကို အလှည့်ကျ မောင်းနှင်နိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရန်၊ မိုးရာသီမတိုင်မီ သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ဆင်အုံကန်မှ ရေကူးတွန်းပို့မှု လုပ်ငန်းကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သော ရန်အောင်မြင်တမံ ပြုပြင်ပြီးစီးမှု အခြေအနေနှင့် ချောင်းမငယ်ဆည်မှရေကို ဆင်အုံကန်မှတစ်ဆင့် တစ်နေ့ရေဂါလန် ခြောက်သန်း ရယူပြီး အမြန်နှုန်း ရေသန့်စင်စက်ရုံ လေးခုဖြင့် စစ်ထုတ်၍ ရပ်ကွက်များသို့ ဖြန့်ဝေမည့်စနစ်တည်ရှိသည့် ဓနသိဒ္ဓိရေစက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး ရေအရည်အသွေးကောင်းမွန်စေရေးအတွက် အမြဲမပြတ် ကြည့်ရှုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ် (၈–က) သို့ သွားရောက်၍ စတုရန်းပေ ၆၀၀ ရှိသော လေးခန်းတွဲ၊ လေးထပ် အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ကျေးရွာများကို လုံလောက်သည်အထိ ဖြည့်ဆည်းပေးရန် လိုအပ်နေသကဲ့သို့ လုံးဝမီးမရရှိသေးသည့် ကျေးရွာလေးများ မီးရရှိအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပြန်ပါသည်။ လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သည်နှင့်အမျှ ရန်ပုံငွေလိုအပ်ချက်ကလည်း ကြီးမားပါသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအခြေအနေကလည်း မဖြစ်မနေထည့်သွင်းစဉ်းစားရသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပြန်သည်။

**ဤခရီး...နီးဖို့ရာ**

နိုင်ငံ၏ မြေမျက်နှာသွင်ပြင် အနေအထားအရ ဓာတ်အားလိုင်းများမဆိုထားနှင့်... လူပင်လျှင် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးယှက်နွယ်သွားလာရေးမှာ အချိန်များစွာ ပေးနေရဆဲဖြစ်သည်။ စင်ကာပူနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အတွက် စာရေးသူက Liaison အဖြစ် အစည်းအဝေးတစ်ခုတွင် တာဝန်ယူခဲ့ရဖူးသည်။ သူနှင့် စကားစမြည်ပြောဖြစ်ရင်း လမ်းပန်းဆက်သွယ်ရေးအကြောင်း ပြောဖြစ်တော့ သူက “မင်းတို့နိုင်ငံရဲ့ မြေမျက်နှာ သွင်ပြင်အနေအထားက တစ်နေရာနဲ့ တစ်နေရာ အချိန်တိုအတွင်း ရောက်ဖို့ခက်တယ်။ လေကြောင်းနဲ့မှ အဆင်ပြေမှာ၊ လေကြောင်းနဲ့သာ တစ်နိုင်ငံလုံးအနှံ့ သွားလို့ရအောင်လုပ်နိုင်ရင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးလာမှာ၊ နိုင်ငံလည်း တိုးတက်လာမှာ”ဟု ပြောခဲ့ဖူးတာ သတိရသည်။ ယခုအချိန်အထိလည်း အချိန်နှစ်ရက်၊ သုံးရက်မကပေးမှ ရောက်နိုင်သည့် ဒေသများ ရှိနေဆဲ။

လူပင်လျှင် အချိန်တိုအတွင်း ရောက်ဖို့ခက်သည့် ဝေးလံခေါင်ဖျားဒေသများရှိ ကျေးရွာများအဖို့ မဟာဓာတ်အားလိုင်းရောက်ရှိသည်အထိ စောင့်ဆိုင်းနေရမည်ဆိုလျှင် အစစအရာရာ နောက်ကျကျန်ရစ်ခဲ့ပေလိမ့်မည်။ ထိုကဲ့သို့သော မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ဝေးကွာသည့် ဝေးလံခေါင်ဖျားကျေးရွာများ၊ နောင် ၁၀ နှစ်/ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိနိုင်သည့် ကျေးရွာများအတွက် မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို မဟာဓာတ်အားလိုင်း မရောက်မီကြားကာလအတွင်း အကြိုမီးလင်းရေးစနစ်ကို စာရေးသူတို့ဦးစီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်အထိ မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၄၁ ဒသမ ၂၅ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်သည်။ ကျန်ကျေးရွာများအတွက် ဆက်၍ကြိုးစားပေးကြရပါဦးမည်။ သို့သော်... အချိန်တိုအတွင်း လွှမ်းခြုံနိုင်ရန်မှာမူ မလွယ်ကူပါချေ။

ဘဏ္ဍာငွေအရင်းအမြစ် များစွာလိုအပ်သည့်အပြင် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာစေရေးသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆွဲဆောင်နိုင်မည့် မူဝါဒ၊ စည်းမျဉ်းများ ချမှတ်ပေးရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

အကြိုမီးလင်းရေးစနစ်ဆိုသော်ငြား အသေးစားဓာတ်အားပေးစနစ်ဟူသည် ဆေးမြီးတိုမျှသာ မဟုတ်ဘဲ ကျေးလက်လူမှုစီးပွားမြင့်မားရေး အပါအဝင် ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့်အပြင် မဟာဓာတ်အားလိုင်း ရောက်ရှိလာပါကလည်း ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့်အတွက် အသေးစားဓာတ်အားစနစ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်လျှင်မူ လျှပ်စစ်မီးရရှိရန် ငံ့လင့်စောင့်ဆိုင်းနေရသော ကျေးရွာများအတွက် ဤခရီးသည် အဝေးကြီးမဟုတ်တော့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

❖ *ကျောဖုံးမှ*

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ CRPH က ကြေညာသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပျက်ပြယ်သွားပြီဆိုပါလျှင် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်များဆိုသည်မှာလည်း အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဆိုသည်မှာလည်းရှိတော့မည် မဟုတ်သကဲ့သို့ NUG ကို ဖွဲ့စည်း၍ပင် မရတော့ပေ။

အခြားတစ်ဖက်တွင်လည်း CRPH နှင့် NUG တို့က ၎င်းတို့သည်သာ ပြည်သူရွေးကောက်တင်မြှောက်ထားသည့် တရားဝင်အစိုးရဟု ဆိုပြန်သည်။ ထိုသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အသိအမှတ်ပြုနေခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိတော့ဟု ဆိုပါလျှင် ၎င်းတို့လည်းရှိတော့မည် မဟုတ်ပေ။ ၎င်းတို့ တရားဝင် တည်ရှိနေသည်ဆိုပြန်လျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)က တည်ရှိဆဲဖြစ်သည်ကို အသိအမှတ်ပြုသကဲ့သို့ ဖြစ်နေသည်။ CRPH နှင့် NUG တို့သည် လမ်းပေါ်လျှောက်ရင်း လမ်းပျောက်နေသူများပင်ဖြစ်သည်။

၎င်းတို့သာ ရွေးကောက်ခံအစိုးရဆိုပြီး NUG ကို ဖွဲ့စည်းကြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ သက်တမ်းကကုန်ပြီဖြစ်သည်။ ၎င်းတို့သည် မည်သို့ပင် တရားဝင်သည်ပြောနေသော်လည်း အခြေခံဥပဒေဖျက်သည်ဆိုလျှင်လည်း ပျက်သည့်အဖွဲ့အစည်း၊ အခြေခံဥပဒေတည်ဆဲပါဆိုလျှင်လည်း သက်တမ်းကုန်သည့် အဖွဲ့အစည်းအဖြစ် ရုပ်လုံးသဏ္ဌာန်မှာ ပီပြင်လာခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် PDF အမည်ခံ အဖွဲ့အစည်းအသီးသီးတို့ အနေဖြင့်လည်း လမ်းကြောင်းအမှန်ကို စဉ်းစားချိန်တန်ပြီဖြစ်သည်။ PDF အမည်ခံ အဖွဲ့အစည်းအသီးသီးတို့သည် နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည်ခိုလှုံဝင်ရောက်ဖို့ နှိုးဆော်တိုက်တွန်းထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

## လပွတ္တာမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**လပွတ္တာ မေ ၂၂**

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းပိုင်း ပျက်စီးယိုယွင်း နေမှုကို ယနေ့နံနက်ပိုင်းက လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး



ဦးလွင်ကိုဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်လင်း၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ သွားရောက်ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ လမ်းမကြီးဘေးတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများမှာ ဆားလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းနှင့် တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ပြီး လပွတ္တာ- ထိပ်စွန်းလမ်းပိုင်း ပျက်စီးယိုယွင်းနေမှုကို ပြုပြင် ထိန်းသိမ်းမည်ဆိုပါက ပုသိမ်ခရိုင် ငပုတောမြို့နယ်သင်္ကြယ်သောင်မြစ် အနောက်ဘက်ကမ်း အလယ်ကျွန်းဒေသရှိ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ ကျေးရွာပေါင်း ၁၁၂ ရွာရှိ လူဦးရေ ၈၀၄၅၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် လပွတ္တာမြို့နယ်အတွင်းရှိ လပွတ္တာလုတ်တောင်နှင့် လပွတ္တာလုတ်မြောက် ကျေးရွာချင်းဆက်လမ်း အခြေအနေအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဘိုကလေးမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ဘိုကလေး မေ ၂၂**

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ အသက်(၁၀) နှစ်ပြည့်ပြီးသည့် ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘိုကလေးမြို့နယ် ဦးစီးမှူးရုံးက အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲက ဘိုကလေးမြို့နယ် ညီနောင်ဝကျေးရွာအုပ်စု၊ သစ်ဖြူချောင်း ကျေးရွာအုပ်စု၊ သဇင်ကုန်းကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘိုကလေးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်အောင်ထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

❍ *ကျောဖုံးမှ*

ရှုံးပွဲဆက်မှုကို ချေဖျက်ရန် အားထားရသည့်ကစားသမားအများစုဖြင့် ပွဲထွက်လာသော ချယ်ဆီးအသင်းသည် ပွဲချိန်တစ်လျှောက်အိမ်ရှင်ဘရိုက်တန်အသင်း၏ ဖိအားပေးကစားမှုအောက် အသင်းကစားပုံပျက်ပျက်ခဲ့ပြီး ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ ဘရိုက်တန်အသင်းသည် ဂိုးရရှိနိုင်သည့်အခွင့်အရေးဖန်တီးမှုများနှင့်အတူ ခြေစွမ်းကောင်းပြသကာ ဂိုးပြတ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီး၊ မန်ယူအသင်းတို့နှင့်ပွဲစဉ်တွင်လည်း ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ချယ်ဆီးအသင်းသည် ဘရိုက်တန်အသင်းကို ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ချယ်ဆီးအသင်းသည် ပရီမီယာလိဂ် ၃၄ ပွဲကစားပြီး ရမှတ် ၄၈ မှတ်သာ စုဆောင်းရရှိထားသောကြောင့် လာမည့်နှစ် ဥရောပဝင်ခွင့်အတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းရတော့မည် ဖြစ်သည်။

ပြိုင်ဘက် ဘရိုက်တန်အသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သောကြောင့် ရမှတ် ၅၀ စုဆောင်းရရှိပြီး လာမည့်နှစ် ဥရောပဝင်ခွင့်ရရှိရေး မျှော်လင့်ချက် အားကောင်းလာခဲ့သည်။ ဘရိုက်တန်အသင်းသည် ချယ်ဆီးအသင်းနှင့် နောက်ဆုံးတွေ့ဆုံသည့် ပြိုင်ပွဲစုံ ငါးပွဲတွင် နိုင်ပွဲလေးပွဲအထိ ရရှိလာပြီလည်း ဖြစ်သည်။

လာမည့်ပွဲစဉ်တွင် ဘရိုက်တန်အသင်းက နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ချယ်ဆီးက လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များမှသာ လွှတ်ကျောင်းခြင်းပြုရန်၊ လုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့်သယ်ယူပို့ဆောင်ရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရှိရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) မွေးမြူရေးခြံများတွင် လေဝင်လေထွက် ကောင်းမွန်စွာထားရှိရန်နှင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမရှိစေရန်အတွက် စီမံထားရှိရန်၊

(၆) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၇) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ပြည်သူ့အားကစားကွင်းနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ရှိ အားကစားကွင်းများ၊ လေ့ကျင့်ရေးအားကစားရုံများ ဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှု

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာ ဦးစီးဌာန ဦးစီးမှူးက ပြည်သူ့အားကစားကွင်း အတွင်းရှိ အားကစားရုံအဆောက်အအုံများနှင့် ရုံးအဆောက်အအုံများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြည်သူ့အားကစားကွင်းနှင့် ပွဲကြည့်စင်အဆောက်အအုံများကို လိုက်လံကြည့်ရှုကြသည်။



ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) သို့ရောက်ရှိရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းဝင်း အတွင်းရှိ ပိုက်ကျော်ခြင်းအားကစား လေ့ကျင့်ရေး ရုံ၊ ကရာတေးအားကစားလေ့ကျင့်ရေးရုံ၊ GYM အားကစားလေ့ကျင့်ရေးရုံ၊ အလေးမအားကစား လေ့ကျင့်ရေးရုံနှင့် လက်ဝှေ့အားကစားလေ့ကျင့်ရေးရုံများကို လိုက်လံရှင်းလင်းပြသပြီး သင်တန်းသား သင်တန်းသူများ၏ အားကစားနည်းများအလိုက် စုဖွဲ့လေ့ကျင့်နေမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး လေ့ကျင့်ရေးအားကစားပစ္စည်းများကို လိုက်လံကြည့်ရှုကာ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။(ယာပုံ)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ စားရိပ်သာဆောင်၊ စားဖိုဆောင်နှင့် အိပ်ဆောင်များကို လိုက်လံကြည့်ရှုပြီး ကျောင်းဝင်းအတွင်းရှိ အားကစားလေ့ကျင့်ရေးရုံများ၊ ရုံးအဆောက်အအုံများနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင်ပတ်ဝန်းကျင်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ မြစ်ကမ်းပါးတစ်လျှောက် ရေလျှံတားတမံ၊ ကျောက်စီရေထိန်း နံရံများနှင့် ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မေ ၂၂**

ဧရာဝတီမြစ်ရေသည် နှစ်စဉ် မိုးရာသီရောက်တိုင်း မြစ်ရေကြီး မြင့်မှုဖြစ်ပေါ်သဖြင့် ကချင်ပြည်နယ်၏ မြို့တော်မြစ်ကြီးနားမြို့သည် မြစ်ရေကြီးမြင့်မှုဒဏ်ကို ခံရလေ့ရှိပြီး အဆိုပါမြစ်ရေကြီး မြင့်မှုဒဏ်မှ ကာကွယ်နိုင်ရေး ကျောက်စီရေထိန်းနံရံများ၊ ရေလျှံတားတမံများနှင့် ရေထိန်းတံခါးများကို တည်ဆောက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်း ဗလမင်းထင်တံတား အထက်ဘက် ကမ်းထိန်းလုပ်ငန်းများ တည်ဆောက်ရေး စီမံကိန်းနေရာသို့ သွားရောက်ပြီး ဗလမင်းထင်တံတားအထက်ဘက် တည်ဆောက်မည့်အပိုင်းတွင် ပါဝင်သည့် ရွှေစက်ရပ်ကွက်၊ ဘုံကျောင်းမှ ဗလမင်းထင်တံတားအထိ တည်ဆောက်ရမည့် ကျောက်စီမြေထိန်းနံရံများတွင်း အလျား ၆၃၅ ပေ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်ဆဲ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီတာပူရပ်ကွက်အတွင်း အင်ဂျန်းခချောင်းပေါက်နေရာရှိ ရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းနေရာသို့ သွားရောက်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက မြို့ရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရေး ရေထိန်းတံခါးတည်ဆောက်မည့်နေရာ ခြောက်နေရာအနက် အဓိကကျသည့် အင်ဂျန်းခနှင့် ရေကြည်ချောင်း ရေထိန်းတံခါး တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ၈ ပေ x ၁၂ ပေ ရေတံခါး သုံးပေါက်ပါဝင်သည့် အင်ဂျန်းခရေထိန်းတံခါးအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တည်ဆောက်ရမည့်အပိုင်းများ တည်ဆောက်ပြီးစီးမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တည်ဆောက်ရမည့် ပင်မရေထုတ်မြောင်း တူးဖော်နေမှု၊ ရေထိန်းတံခါး ချဉ်းကပ်တာပေါင် မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အဆိုပါရေထိန်းတံခါးနှင့် ကပ်လျက် တစ်ဆက်တစ်စပ်တည်း တည်ဆောက်လျက် ရှိသည့် ကျောက်စီမြေထိန်းတမံနှင့် သံကူကွန်ကရစ်နံရံ အရှည်ပေ ၂၈၀ တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)



ဆက်လက်၍ ကြက်ပေါင်ခြံရပ်ကွက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ရေကြည်ချောင်းဆုံနေရာ၌ အကျယ် ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ် ရေထိန်းတံခါး ခုနစ်ခုပါဝင်သည့် ရေကြည်ချောင်း ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ရေထိန်းတံခါးချဉ်းကပ် တာပေါင်ဖို့ခြင်း လုပ်ငန်း၊ လုပ်ငန်းစီမံကိန်းအတွက် အစားထိုးမြေနေရာများ ပြန်လည်ချထားပေးနိုင်ရေးအတွက် မြေသားဖို့ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပလနကျေးရွာ အုပ်စုအတွင်း ငွေပျော်စံပြကျေးရွာသွား လမ်းဘေးရှိ ပုဂ္ဂလိကပိုင် အသားတိုးကြက် မွေးမြူရေးခြံများသို့ သွားရောက်၍ ကြက်ခြံ သုံးခြံအတွင်း ကြက်သားပေါက်၊ ကြက်လတ်နှင့် ကြက်ကြီးကောင်ရေ တစ်သောင်းကျော် မွေးမြူထားရှိမှု၊ တိုးချဲ့ကြက်ခြံသစ်များအပြင် နွားခြံများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ဖြန့်ဖြူးရောင်းချနိုင်မှုနှင့် ကြက်သားပေါက်နှင့် ကြက်စာမှာယူတင်သွင်းနေမှု အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပလန(၅)ကျေးရွာအတွင်း နှစ်ပေါင်းကြာမြင့်ပြီး အသုံးမပြုတော့သည့် ငါးမွေးမြူရေးစခန်းနေရာသို့ သွားရောက်၍ အဆောက်အအုံဟောင်းများ၊ ငါးသားဖောက် ဆေးထိုးကန်များ၊ ငါးကန်များ အခြေအနေများနှင့် ပြန်လည်အသုံးပြုနိုင်ရေးအတွက် ရေအရင်းအမြစ်ရရှိမှု ရှိ/ မရှိတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပြန်လည်အသုံးချနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်ပြန်/ဆက်)**



## ငပုတောမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ငပုတော မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းကငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက် အလကရွှေမြကွင်းကျောင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင်၏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး စာရေးများက မြေပြင်ကွင်းဆင်း၍ အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုသည့် ပြည်သူများနှင့် ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်လိုသည့် ဒေသခံပြည်သူအား လိုအပ်သည့်အချက်အလက်၊အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း၊ Unique ID နံပါတ်များ ထုတ်ပေးခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းကျော်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိတို့က ကြည့်ရှုအားပေးပြီး ပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်ကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**အောင်သူ(ပြန်/ဆက်)**

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရာထူးအတွက် ကိုယ်စားလှယ်လောင်းများက မူဝါဒများ စတင်မိတ်ဆက်

**ဂျီနီဗာ မေ ၂၂**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူး အတွက် ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်း လေးဦး သည် ၎င်းတို့၏ မူဝါဒများကို စတင်မိတ်ဆက်ခဲ့ကြ သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များရှေ့မှောက် တွင် ပြုလုပ်သည့် မူဝါဒမိတ်ဆက် ကြားနာပွဲကို မေ ၂၁ ရက်က ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည်။

လက်ရှိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ချုပ် အန်တိုနီယို ဂူတာရပ်စ်၏ ရာထူးသက်တမ်းသည် ယခုနှစ်ကုန်ပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သည်။

၎င်း၏နေရာကိုအစားထိုးရန် ယှဉ်ပြိုင်သူတစ်ဦး ဖြစ်သော ချီလီ သမ္မတဟောင်း မီရှယ်လ် ဘက်ချလက် က "ကမ္ဘာကြီးနှင့် နိုင်ငံတကာဥပဒေအပေါ် အခြေခံ ထားသည့်စနစ်သည် မကြုံစဖူး ဖိစီးမှုများနှင့် ရင်ဆိုင် နေရသည်" ဟုပြောကြားခဲ့ပြီး လူသားဂုဏ်သိက္ခာ သည် ကုလသမဂ္ဂ၏ဆောင်ရွက်ချက်များအနက် အဓိကအခန်းကဏ္ဍ၌ရှိနေသင့်ကြောင်း ဆက်လက် ပြောကြားခဲ့သည်။

ယှဉ်ပြိုင်သူတစ်ဦးဖြစ်သည့် ရာဖဲလ် ဂရော့ဆီက လည်း "ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ရေးသည် အဖွဲ့အစည်း၏ယုံကြည်မှုအပေါ် သံသယများတိုးပွားနေသည့်အချိန်တွင် အချိန်ကိုက် ဖြစ်ပေါ်လာခြင်းဖြစ်သည်" ဟု ပြောကြားခဲ့သည်။

အခြားယှဉ်ပြိုင်သူများမှာ ကုလသမဂ္ဂကုန်သွယ် ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (UNCTAD) ၏ အထွေထွေ အတွင်းရေးမှူး ရေဘက်ကာ ဂရင်စပန်နှင့် ဆီနီဂေါ သမ္မတဟောင်း မက်ကီဆဲလ်တို့ ဖြစ်ကြသည်။ ၎င်းတို့ သည် မေ ၂၂ ရက်တွင်ပြုလုပ်မည့် ကြားနာပွဲတွင် ပါဝင်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**




# ရေကြီးရေလျှံမှုအပြီး တောင်အာဖရိကတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု သိသိသာသာမြင့်တက်

**ကိပ်တောင်း မေ ၂၂**

တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီး ရေလျှံမှုများ ဖြစ်ပွားပြီးနောက် ပြည်နယ်အချို့၌ ငှက်ဖျားရောဂါ ဖြစ်ပွားမှုများ စိုးရိမ်ဖွယ်ရာမြင့်တက်လာကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။




ဂေါ်တင်းပြည်နယ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုများ သိသာထင်ရှားစွာမြင့်တက်လာပြီး ယခုနှစ် ပထမသုံးလအတွင်း အတည်ပြုလူနာ ၄၁၄ ဦးနှင့် သေဆုံးသူ ၁၁ ဦးရှိလာကြောင်း၊ ယင်းသည် ယမန်နှစ်အလားတူကာလတွင် ဖြစ်ပွားသူ ၂၃၀ နှင့် သေဆုံးသူ တစ်ဦးနှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခြင်းဖြစ်ကြောင်း ပြည်နယ် ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သို့သော်လည်း ဂေါ်တင်းပြည်နယ်အတွင်း ကူးစက်ခံရသူအများစုမှာ လင်မ်ပိုပို၊ အမ်ပူမာလန်ဂါနှင့် ကွာဇူးလူ - နာတဲလ် ကဲ့သို့သော ငှက်ဖျားရောဂါဖြစ်ပွားရာဒေသများမှ သို့မဟုတ် ပြည်ပမှကူးစက်လာသူများဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများသည် ငှက်ဖျားရောဂါကူးစက်မှုကို ပိုမိုမြင့်တက်စေကြောင်း၊ အထူးသဖြင့် အမ်ပူမာလန်ဂါပြည်နယ်တွင် ဇန်နဝါရီလအတွင်း ကူးစက်ခံရသူ ၃၀၀ ကျော်ရှိခဲ့ကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများတွင်လည်း ကူးစက်မှုများ တိုးလာနေကြောင်း ကူးစက်ရောဂါဆိုင်ရာ အမျိုးသားအင်စတီကျု (NICD) က ထုတ်ပြန်ခဲ့သည်။

ငှက်ဖျားရောဂါသည် ကြိုတင်ကာကွယ်နိုင်ပြီး ကုသ၍ရနိုင်သော်လည်း ဆောလျင်စွာမစစ်ဆေးနိုင်ပါက ပြင်းထန်စွာဖျားနာမှုနှင့် အသက်ဆုံးရှုံးနိုင်သည်အထိဖြစ်နိုင်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက သတိပေးထားသည်။ **ဆင်ဟွာ**

# အရှေ့အလယ်ပိုင်း တင်းမာမှုကြောင့် တောင်အာဖရိကသို့ နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုလျော့နည်း

**ဂျိုဟန်နစ္စဘတ်ဂ် မေ ၂၂**

အရှေ့အလယ်ပိုင်းဒေသရှိတင်းမာမှုများကြောင့် လေယာဉ်လောင်စာဆီ ကုန်ကျစရိတ်များ မြင့်တက်လာသကဲ့သို့ ပင်လယ်ကွေ့ဒေသကိုဖြတ်သန်း၍ တောင်အာဖရိကသို့ လာရောက်သော နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုများကိုလည်း ထိခိုက်စေခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

တောင်အာဖရိက ခရီးသွားဝန်ကြီး ပါထရီ စီယာ ဒီ လီလီက အာရပ်စော်ဘွားများ ပြည်ထောင်စု၏ ဒူဘိုင်းမြို့နှင့် ကာတာနိုင်ငံ၏ ဒိုဟာမြို့ တို့ကဲ့သို့သော ပင်လယ်ကွေ့ဒေသများမှ နိုင်ငံတကာခရီးသွားအချို့သည် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် လေကြောင်းခရီးစဉ်များကိုဖျက်သိမ်းခဲ့ကြသည်ဟု မေလ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပရန်စီစဉ်ထားသောအာဖရိကခရီးသွားလုပ်ငန်းပြပွဲ ၂၀၂၆အတွက် စီစဉ်မှုများအကြောင်း ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသော တင်းမာမှုများ၏ သက်ရောက်မှုတစ်ရပ်အဖြစ် လေယာဉ်လောင်စာဆီကုန်ကျစရိတ်များ မြင့်တက်လာပြီး လေယာဉ်လက်မှတ်ခများလည်း တိုးမြင့်လာကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် တောင်အာဖရိကနိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးကိုလည်း တောင်းဆိုထားကြောင်း သိရသည်။

တောင်အာဖရိက ခရီးသွားလုပ်ငန်းကောင်စီ၏ အမှုဆောင်အရာရှိချုပ် ရှီဖိဝါ ရှီဗန်ဂွာကလည်း အရှေ့အလယ်ပိုင်းပဋိပက္ခသည် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုပုံစံများကို အနှောင့်အယှက်ဖြစ်စေပြီး နိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် အနုတ်လက္ခဏာ သက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လေကြောင်းလိုင်းများအနေဖြင့် စွမ်းဆောင်ရည်အပြည့်အဝ မလည်ပတ်နိုင်သေး သကဲ့သို့ တောင်အာဖရိကသို့ သွားရောက်မည့် ခရီးစဉ်များအတွက် ထိုင်ခုံရရှိမှုကိုလည်း လျှော့ချထားခြင်းက ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုထိခိုက်စေခဲ့သည်။ ယခုဖြစ်ပေါ်နေသောအခြေအနေများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံးက အမြန်ဆုံးပြီးဆုံးစေလိုကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

**ဓာတ်ပုံ - ဘန်ပေတွန်**



# ပါရှန်ပင်လယ်ကွေ့တွင် သောင်တင်နေသည့် ဂျပန်သင်္ဘောသား လေးဦး သင်္ဘောမှထွက်ခွာခွင့်ရ

**တိုကျို မေ ၂၂**

ပါရှန်ပင်လယ်ကွေ့တွင် သောင်တင်နေသည့် ဂျပန်သင်္ဘောသား လေးဦး သင်္ဘောမှထွက်ခွာခွင့်ရရှိခဲ့ကြောင်း ဂျပန်သယ်ယူပို့ဆောင်ရေးဝန်ကြီး ကာနဲကို ယာဆူရှီက ပြောကြားခဲ့သည်။ သင်္ဘောအရေအတွက်ကို ဖော်ပြထားခြင်းမရှိဘဲ မေ ၂၂ ရက်ကပြုလုပ်သည့် အောက်လွှတ်တော်ကော်မတီအစည်းအဝေးတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနအရာရှိများ၏ ပြောကြားချက်အရ သင်္ဘောသား လေးဦးစလုံးတွင် ကျန်းမာရေးပြဿနာများ မတွေ့ရှိရကြောင်း သိရသည်။ သို့သော် ၎င်းတို့နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များနှင့် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခြင်း ရှိ/မရှိကို မဖော်ပြထားခဲ့ပေ။

လွန်ခဲ့သည့်လအတွင်းကလည်း ပင်လယ်ကွေ့တွင် သောင်တင်နေသည့် နောက်ထပ်ဂျပန်သင်္ဘောသား လေးဦးကို အစိုးရ၏အကူအညီဖြင့် ဂျပန်သို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ယခုအချိန်အထိ ဂျပန်နှင့်ဆက်နွှယ်သည့် သင်္ဘော သုံးစင်းသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနိုင်ခဲ့ပြီး ပင်လယ်ကွေ့တွင် ပိတ်မိနေသည့် သင်္ဘော ၄၂ စင်း ကျန်ရှိနေသေးသည်။ ထို့ပြင် ဂျပန်သင်္ဘောသား ၁၆ ဦးသည်လည်း သင်္ဘောများပေါ်တွင် ဆက်လက်ရှိနေသေးကြောင်း သိရသည်။

ဂျပန်နိုင်ငံနှင့်ဆက်စပ်သည့် သင်္ဘောများအရေးတွင် သင်္ဘောသားများ၏ ဘေးကင်းလုံခြုံရေးကို အဓိကဦးစားပေးအဖြစ် ဆောင်ရွက်နေကြောင်း ကာနဲကို ယာဆူရှီက ပြောကြားခဲ့သည်။

ထို့အပြင် သက်ဆိုင်ရာ သတင်းအချက်အလက်များကိုစုဆောင်းကာ သက်ဆိုင်သူများထံ ပေးအပ်ရန်နှင့် အစိုးရအေဂျင်စီများနှင့် အနီးကပ် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်အာကာသစီမံကိန်း လေ့ကျင့်ရေး သင်တန်းသားအဖြစ် ပါကစ္စတန်နိုင်ငံသားနှစ်ဦး ရွေးချယ်ခံရ

**ပေကျင်း မေ ၂၂**

တရုတ်နိုင်ငံ၏ အာကာသစီမံကိန်းတွင် ပထမဆုံးအကြိမ် နိုင်ငံခြားသားလေ့ကျင့်ရေးသင်တန်းသားများအဖြစ် ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ရွေးချယ်လိုက်ကြောင်း တရုတ်လူလိုက်အာကာသအေဂျင်စီက မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

မူဟာမက် ဇီရှန် အလီနှင့် ခူရမ် ဒေါ်ဒ်တို့သည် မကြာမီတွင် တရုတ်နိုင်ငံသို့သွားရောက်ပြီး အာကာသပျံသန်းမှုဆိုင်ရာ လေ့ကျင့်မှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။ လေ့ကျင့်မှုနှင့် စစ်ဆေးမှုများပြီးဆုံးပါက ၎င်းတို့ထဲမှ တစ်ဦးသည် အာကာသမစ်ရှင်တွင် လိုက်ပါခွင့်ရရှိမည်ဖြစ်ပြီး ထျန်ကုန်း အာကာသစခန်းသို့သွားရောက်မည့် ပထမဆုံးသော နိုင်ငံခြားသား အာကာသယာဉ်မှူး ဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ လူလိုက်အာကာသစီမံကိန်းအတွက် နိုင်ငံခြားသားအာကာသယာဉ်မှူးများ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဧပြီလအစောပိုင်းတွင် အပြီးသတ်ခဲ့ကြောင်း အေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ၆ မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့် လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ် အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

**“ဝန်ဆောင်မှုများ ကောင်းစေရေး ‘1111’ ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၉ ဦး တရုတ်နိုင်ငံ GXETVI တွင် ပညာသင်ဆုဖြင့် တက်ရောက်ရန်ထွက်ခွာ

**မြစ်ကြီးနား မေ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားတက္ကသိုလ်က နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၉ ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Guangxi Economic and Trade Vocational Institute (GXETVI) ၌ "Fashion and Apparel Design" ဘာသာရပ်ဖြင့် သုံးနှစ်တာ ဒီပလိုမာသင်တန်း (Diploma in Fashion and Apparel Design) ကို အပြည့်ပညာသင်ဆု (Full Scholarship)ဖြင့် တက်ရောက်ရန်အတွက် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။



ယခုကဲ့သို့ သွားရောက်ပညာသင်ကြားခြင်းဖြင့် ပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် အဓိကကျသော အထည်အလိပ်နှင့် ဒီဇိုင်းကဏ္ဍ၌ ခေတ်မီနည်းပညာရှင်များ ပေါ်ထွက်လာစေရန်နှင့် ကုန်ကြမ်းတင်ပို့မှုထက် နိုင်ငံတကာအဆင့်မီ တန်ဖိုးမြှင့်ကုန်ချောများကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ ထုတ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာများကို သင်ယူခွင့်ရရှိခြင်းကြောင့် ပြည်တွင်းရှိ သက်မွေးပညာကဏ္ဍ (TVET) ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် နည်းပညာကူးပြောင်းမှု (Technology Transfer) များ ရရှိစေရန်လည်း မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများက မေ ၂၇ ရက်မှစတင်၍ သင်တန်းများကို တက်ရောက်ကြမည်ဖြစ်ပြီး ယခုပူးပေါင်းဆောင်ရွက်မှုသည် မြစ်ကြီးနားတက္ကသိုလ်၏ နိုင်ငံတကာပညာရေးကဏ္ဍ မြှင့်တင်မှုအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်ကာ ဤကဲ့သို့ နိုင်ငံတော်အတွက် ဘဏ္ဍာငွေကုန်ကျမှုမရှိဘဲ ပြည့်စုံသော ပညာသင်ဆု အစီအစဉ်ဖြင့် အရည်အသွေးမြင့်ပညာရပ်များကို သင်ယူ ခွင့်ရရှိခြင်းသည် နိုင်ငံတော်နှင့် တက္ကသိုလ်အတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

## သနပ်ပင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**သနပ်ပင် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ မင်းရွာတိုက်နယ်ကျန်းမာရေးဌာနက ဦးဆောင်၍ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်နှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများကို ယနေ့ နံနက် ၉ နာရီက ကျေးရွာအတွင်းရှိလူနေအိမ်များတွင် စုပေါင်းဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မင်းရွာတိုက်နယ်ကျန်းမာရေးဌာန တိုက်နယ်ဆရာဝန် ဒေါက်တာသက်ဖြိုးဟိန်း၊ လက်ထောက်ကျန်းမာရေးမှူး ဒေါ်မျိုးမမစိုးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း သရုပ်ပြခြင်းများ၊ အဘိတ်ဆေးခတ်ခြင်းများ၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး အိုင်ဝိုင်းကျေးရွာအုပ်စု အိုင်ဝိုင်းကျေးရွာရှိ စိန်ရွှေရတနာ ဘုန်းတော်ကြီးကျောင်း၌ မေ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်၍ ဒေသခံပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေးကွင်းဆင်းဟောပြောစဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၂**

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဗဟုသုတ ပြည့်ဝစေရေးတို့အတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဖွင့်လှစ်သင်ကြား**

အဆိုပါ အင်္ဂလိပ်စာသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၆ ဦးဖြင့် လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၁ ဦးဖြင့် လည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကို သင်တန်းသား သင်တန်းသူ ၄၅ ဦးဖြင့် လည်းကောင်း မေလ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးအား လွိုင်လင်မြို့၌ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ် နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများအား ကုန်ပစ္စည်းများနှင့် ရောနှောသယ်ဆောင်လာသည့် ၁၂ ဘီးယာဉ်တစ်စီးအား ဧပြီ ၂၀ ရက် ညပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ နေမင်းရောင်တိုးဂိတ်၌ စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လွိုင်လင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ နေမင်းရောင်တိုးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ဧပြီ ၂၀ ရက် ည ၈ နာရီ ၅၅ မိနစ်ခန့်တွင် လွိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ ယာဉ်မောင်း ဖြိုးဝေထွန်း(ဘ) ဦးမောင်သိန်း (၂၃)နှစ် မောင်းနှင်၍ ယာဉ်နောက်လိုက် ခန့်ကျော်ထက် (ဘ) ဦးခင်မောင်လွင် (၂၁) နှစ် လိုက်ပါလာသည့် Nissan Diesel အစိမ်းရောင် ၁၂ ဘီး မော်တော်ယာဉ် အမှတ် MDY-20/4H----- အား စစ်ဆေးရာ ယာဉ်ပေါ်မှ အဝါရောင်ပြောင်းအိတ်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် တရုတ်စာတန်းနှင့် GUAN YIN WAN စာတန်းပါ ICE အဖြူရောင် ပုံဆောင်ခဲများ ထည့်ထားသည့် အဝါရောင်ဆာလာအိတ် ၄၈ အိတ် (ICE အဖြူရောင်ပုံဆောင်ခဲ ၁၂၀၀ ကီလိုဂရမ်ခန့်) ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံခန့်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ယာဉ်မောင်း၏ ပြောကြားချက်အရ ၎င်းတို့သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ချောင်းဦးမြို့မှ မိုင်းလားမြို့အထိ မောင်းနှင်ရသည့် ယာဉ်မောင်းအလုပ်ကို ယာဉ်နောက်လိုက် ခန့်ကျော်ထက်နှင့်အတူ လုပ်ကိုင်ခဲ့ကြောင်း၊ ဧပြီ ၁၈ ရက်တွင် မိုင်းလားမြို့မှ ချောင်းဦးမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ကုန်ပစ္စည်းများ မပါဝင်သဖြင့် ကုန်များရရှိရေး ချိတ်ဆက်ခဲ့ရာ နမ့်စန်မြို့ အမှတ်(၉)ကျေးရွာအကျော်ရှိ ပြည့်ဖြိုးကျော် ပြောင်းပွဲရုံနှင့် ချိတ်ဆက်မိပြီး ဧပြီ ၂၀ ရက်တွင် ပွဲရုံပိုင်ရှင် ဝင်းဇော်ညွှန့်နှင့် ခင်ဝင်းဆွေတို့က ကြက်စာအိတ် ၄၈ အိတ်နှင့် ပြောင်းအိတ် ၂၅၀ တို့ကို တင်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြည့်ဖြိုးကျော် ပွဲရုံပိုင်ရှင် ဝင်းဇော်ညွှန့်နှင့် ခင်ဝင်းဆွေတို့အား ပူးပေါင်းအဖွဲ့က နေအိမ်၌ သွားရောက်ဖမ်းဆီးပြီး စစ်ဆေးရာ ၎င်းတို့ပွဲရုံသို့ ဧပြီ ၁၄ ရက်တွင် AD Van အမျိုးအစား မော်တော်ယာဉ်ဖြင့် အမျိုးသား ငါးဦးရောက်ရှိလာပြီး ပြောင်းအိတ် ၂၅၀ ဝယ်ယူခဲ့ကြောင်း၊ ဧပြီ ၁၉ ရက်တွင် လင်းလင်းဆိုသူက အဆိုပါ ပြောင်းစာအိတ်များနှင့်အတူ ကြက်စာအိတ် ၄၈ အိတ်ကိုပါ တင်ဆောင်မည်ဟု ဖုန်းဆက်ကာ လာရောက်ပို့ဆောင်ခဲ့ကြောင်းနှင့် ဧပြီ ၂၀ ရက်တွင် ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်ရောက်ရှိလာပြီး ကုန်များ တင်ဆောင် ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများ၊ ဖမ်းဆီးရမိ မော်တော်ယာဉ်တို့ကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများရရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အမှတ်(၂) ရပ်ကွက် နေမင်းရောင်တိုးဂိတ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# ရေတာရှည်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တို့၌ ဧပြီ ၂၁ ရက်က စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူများအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၉ နာရီတွင် ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ သိုင်းဝကျေးရွာရဲကင်း၌ ဆွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဥယျာဉ်မှူးကျေးရွာဘက်မှ သိုင်းဝရဲကင်းဘက်သို့ ဥယျာဉ်မှူးကျေးရွာနေ ဒေါ်စန္ဒာဝင်း(၅၃)နှစ် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါဆိုင်ကယ်ပေါ်တွင် ငါးဂါလန်ဆံ့ အဝါရောင်ကော်ပုံးနှစ်ပုံးအတွင်း ဓာတ်ဆီငါးဂါလန်အား တရားမဝင် သယ်ဆောင်လာသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စန္ဒာဝင်းအား ဆွာနယ်မြေရဲစခန်း (ပ)၁၃/၂၀၂၆၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ဖြင့် လည်းကောင်း။

အလားတူ ညနေ ၄ နာရီတွင် ပုသိမ်မြို့နယ် ကွက်ပြင်ကြီးကျေးရွာနေ ဦးနန်းဒါး၏ နေအိမ်ခြံဝင်းအတွင်း၌ မိုးကာအုပ်ထားသည့် မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်ရပ်တန့်ထားကြောင်းသတင်းအရ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ AYY-5 4Q/xxxx SOJEN PICKUP ယာဉ်ပေါ်တွင် ပီပါများဖြင့် ထည့်ထားသည့် ပရီမီယမ်ဒီဇယ် ဂါလန် ၅၀၊ ဒီဇယ်ဂါလန် ၅၀ နှင့် ဓာတ်ဆီဂါလန် ၈၀ တို့အား တွေ့ရှိရပြီး ပိုင်ရှင်မှာ ပုသိမ်မြို့ အမှတ်(၁၀)ရပ်ကွက်နေ သိန်းစံ(၅၄)နှစ် ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် သိန်းစံအား သဘောင်္ကျင်းနယ်မြေရဲစခန်း (ပ)၃၇/၂၀၂၆၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



ပုသိမ်မြို့နှင့် ဆွာမြို့တို့တွင် ဖမ်းဆီးရမိမှု။

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## နေပြည်တော်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

**ဇနေပြည်တော် ဧပြီ ၂၂**

ရေဝတီတိုင်းဒေသကြီး ဇနေပြည်တော်မြို့နယ်တွင် အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ် ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၃)ရပ်ကွက် အနောက်ပိုင်း ဆွမ်းလောင်းဓမ္မာရုံ၌ ကွင်းဆင်း ဆောင်ရွက်သည်။



မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိဦးဝင်းထူး၏ကြီးကြပ်မှုဖြင့် လက်ထောက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး စာရေးများက မြေပြင်အရောက် ကွင်းဆင်း၍ အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် အသစ်ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများအား လိုအပ်သည့် အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးမှူး ကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ၊ ဇနေပြည်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဌေး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရဲသူရိန်ဟန်တို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ရတနာပုံတက္ကသိုလ်၌ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်

**မန္တလေး ဧပြီ ၂၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်မှ ကြီးမှူး၍ အင်္ဂလိပ်စာဌာနမှ ဦးစီးပြီး အမရပူရခရိုင်နှင့် မဟာအောင်မြေခရိုင်တို့မှ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ-၂ ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာ



သွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအိအိစိုးမင်းနှင့် သင်တန်းပို့ချပေးမည့် ဆရာ ဆရာမများ၊ အမရပူရခရိုင်နှင့် မဟာအောင်မြေခရိုင်မှ ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဌာနမှ ပါမောက္ခ(ဌာနမှူး)က သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းသို့ အမရပူရခရိုင်မှ သင်တန်းသား ဆရာ ဆရာမ ၅၀ နှင့် မဟာအောင်မြေခရိုင်မှ သင်တန်းသား ဆရာ ဆရာမ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၂ ရက်အထိဖြစ်ပြီး Developing Communicative Skills၊ Communicative Grammar၊ Familiarising Teachers with Materials၊ Classroom Language ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

## ကျိုင်းတုံမြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်

**ကျိုင်းတုံ ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ကျိုင်းတုံတက္ကသိုလ် ခေမာရင်္ဂခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျိုင်းတုံတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူမြင့်နှင့် ပြည်နယ်ပညာရေးမှူး ဒေါ်နော်ရှယ်တို့က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျိုင်းတုံတက္ကသိုလ် အင်္ဂလိပ်စာဌာနမှူးက သင်ကြားပေးမည့် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များမှ မူလတန်းပြ ဆရာ ဆရာမ ၂၀၀ တက်ရောက်



ပြီး အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ အရေး၊ အပြော၊ အဖတ်နှင့် နားထောင်ခြင်း (4 Skills) ပိုမိုကျွမ်းကျင်လာစေရန်နှင့် သင်ကြားမှုအရည်အသွေး မြင့်မားလာစေရန် ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ကျွမ်းကျင်နည်းပြ ဆရာ ဆရာမများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မအူပင်ခရိုင် လူထုအခြေပြုဇဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပ



**မအူပင် ဧပြီ ၂၂**

ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနခန်းမ၌ ယမန်နေ့က Book Club အဖွဲ့ဝင်များနှင့် စာရေးဆရာများအသင်း စာဖတ်ဝိုင်း ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက ယခုလို စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း မိတ်ဆက်စကားပြောကြားပြီး တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များ၊ စာရေးဆရာများက မိမိတို့ ဖတ်ရှုမှတ်သားထားသည့် စာပေများ၊ မိမိတို့ရေးသားထားသည့် စာမူများ၊ ကဗျာများ၏ အကြောင်းအရာများကို ဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြရာ ဌာနဝန်ထမ်းများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာငွေများ ထုတ်ပေး

**ထန်းတပင် ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ဧပြီ ၂၁ ရက်က ထုတ်ပေးလျက်ရှိရာ လူစုလူဝေးမဖြစ်ပေါ်စေရန်အတွက် ရပ်ကွက်ကျေးရွာများမှ ပင်စင်စားများအား နေ့အလိုက်ခွဲခြားသတ်မှတ်၍ ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များနှင့်အညီ ပင်စင်လာရောက်ထုတ်ယူသူများအနေဖြင့် လိုက်နာရန် စည်းကမ်းချက်များကို အသိပေးကြေညာထားရှိပြီး ပင်စင်ထုတ်ယူသူ ၂၅၀ ခန့် ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နတ်မောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်ရေးရာအသိပညာပေး ဟောပြော

**နတ်မောက် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပန်းပျိုးသူဘော်ဒါကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မိုးက လူငယ်နှင့် အနာဂတ်အကြောင်းအရာများနှင့် ဒေါ်ဝင်းမေထွန်းက ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့် အရေးပေါ်ရှေးဦးပြုစုခြင်း စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**လှဝင်း**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၄-၂၀၂၆ ရက်မှစ၍ ၄-၅-၂၀၂၆ ရက်အထိ ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဝယ်ယူနိုင်ပြီး ၄-၅-၂၀၂၆ရက်မှ ၅-၅-၂၀၂၆ ရက်အထိ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့အရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာ သင်တန်းပေး ဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇-၃၄၀၄၅၀၅ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၈၉၇၆၅၃၃၇၅ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ ၀၉-၈၈၇၆၄၅၅၈၀/ ၀၉-၇၅၇၂၀၄၁၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) နှင့် ၀၉-၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov.mm နှင့် www.dtvet.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/3484 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

---

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊
## တည်ဆောက်ရေးအဖွဲ့(၁)နှင့် တံတားအထူးအဖွဲ့(၄)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)နှင့် တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တို့မှ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယအကြိမ် တံတားဦးစီးဌာနသို့ ပေးချေလာသော မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင် (၃၅၈/၁-၃)ရှိ ဒုဋ္ဌဝတီတံတားအသစ်စီမံကိန်း(ရန်ကုန်ဘက်ကမ်းနှင့် မန္တလေးဘက်ကမ်း) နှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ဒုတိယအကြိမ် ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ မြစ်ဆွတ်ချောင်းတံတား(အပြန်လမ်းတံတား) အကြီးစားပြုပြင်ခြင်းလုပ်ငန်းတို့၌ အသုံးပြုရန်လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများဝယ်ယူ/သယ်ယူပို့ဆောင်ခြင်း နှင့် စက်/ယန္တရားများ ငှားရမ်းဆောင်ရွက်ခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ ငှားရမ်းဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၁) အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၁/၂၀၂၆-၂၀၂၇)နှင့်
**တံတားအထူးအဖွဲ့(၄) အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၂/၂၀၂၆-၂၀၂၇)

| | | |
|---|---|---|
| ၁။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့<br>ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ |
| ၂။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - ၂၁-၄-၂၀၂၆ ရက်နေ့ (ရုံးချိန်အတွင်း) |
| ၃။ | **လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန်** | - ၄-၅-၂၀၂၆ရက်၊ (၁၆:၃၀)နာရီ |
| ၄။ | **တင်ဒါဖွင့်မည့် ရက်/အချိန်** | - ၆-၅-၂၀၂၆ရက်၊ (၉:၃၀)နာရီ |
| ၅။ | **တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ** | - ဒုဋ္ဌဝတီတံတားသစ်စီမံကိန်း (မန္တလေးဘက်ကမ်း) တံတားရှင်းလင်းဆောင် |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက {တည်ဆောက်ရေးအဖွဲ့(၁) ဖုန်း-၀၉-၄၀၂၇၆၆၁၇၅၊ ၀၉-၂၅၀၀၇၀၇၁၈ နှင့် တံတားအထူး အဖွဲ့(၄) ဖုန်း-၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၁၃၀၀၄၀၉} တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက် လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် ရောက်ရှိမည့် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားရှိသည့် နေ့ထူးနေ့မြတ်ဖြစ်သော ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)အား ပူဇော်လှူဆောင်သောအားဖြင့် (၂၄-၄-၂၀၂၆) ရက်(သောကြာနေ့)ညတွင် ဓမ္မပူဇာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ "လမြတ်ကဆုန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၄-၄-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"လမြတ်ကဆုန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မြတ်ဂုဏ်တော်သခင် | ပြင်ပအဆိုရှင် |
| ၂။ | ဆဋ္ဌသင်္ဂါယနာ | ပြင်ပအဆိုရှင် |
| ၃။ | အစိန္တေယျ | တူယှဉ်ခွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | သမ္ဗုဒ္ဓေ | ပြင်ပအဆိုရှင် |
| ၅။ | ထိုသုံးပါး | ပြင်ပအဆိုရှင် |
| ၆။ | မေတ္တာဂုဏ် | ပြင်ပအဆိုရှင် |
| ၇။ | အဝေယျာဟန္တ | ပြင်ပအဆိုရှင် |
| ၈။ | လမြတ်ကဆုန် | ပြင်ပအဆိုရှင် |
| ၉။ | ပဋ္ဌသိမ် | ဌာနအဆိုရှင် |
| ၁၀။ | ဇမ္ဗူဒီပါ | ပြင်ပအဆိုရှင် |

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/82646, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာထွန်း ၅/မရန(နိုင်)၂၀၆၃၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/91545 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ထက်ဝင်း ၉/ကဆန(နိုင်)၁၁၅၃၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3955 ယာဉ်လက်ဝယ်ရှိသူ ဦးဝေမင်းထွေး ၇/ဖမန(နိုင်)၁၄၈၂၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

---

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ဆင်းကွက်ကျေးရွာ၊ အခြေခံပညာအထက်တန်း ကျောင်းခွဲ (ကျောက်ဆောက်)Grade-11 မှ (ဘ) ဦးဇော်ဝင်း (၉/မသန(နိုင်)၀၇၄၈၂၈)၏သမီး မနှင်းနံ့သာစံ ၏ အမည်မှန်မှာ **မနှင်းဆုဝေ** ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

မကွေးမြို့၊ တော်ဝင် ကိုယ်ပိုင် အထက်တန်းကျောင်းGrade 12 ဖြေဆိုထားသော မောင်ဆက်ပိုင်လင်း ၏ဖခင် ဦးအောင်လှိုင်ထွန်း ၏ အမည်မှန်မှာ ဦးစိုးမိုးဖြိုး ၈/ပဖန (နိုင်) ၁၉၂၅၆၈ ဖြစ်ပါကြောင်း။

**ဦးစိုးမိုးဖြိုး**

---

**သစ်ပင် နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၉၁) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လှမြင့် (၁၂/လသန(နိုင်)၀၀၅၅၅၃) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဉာဏ်လင်းထွန်း (၁၂/သကတ(နိုင်)၁၅၃၀၅၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးချစ်သူထွန်း (၅/ရဘန(နိုင်)၂၁၇၀၀၀) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

---

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇

ဦးဂါနာရှမ်း နှင့် ဒေါ်ဝင်းဝင်းသန့် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နီနီဝင်း)

(တရားလို) (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အကွက်(၁၄၉)၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်နေ တရားပြိုင် ဒေါ်ဝင်းဝင်းသန့်(ဘ) ဦးအောင်သောင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နီနီဝင်း(ဘ)ဦးဘကျွန်း) မူလလိပ်စာပါသိရှိပြီး ယခုနေရပ်လိပ်စာတို့အား မသိရှိ၍ ငြင်းချက်ထုတ်ဆင့်ရန် အတည်ဖြစ်နိုင်ရေးအတွက် အခြားနည်းဖြစ်သော ဥပဒေပြဋ္ဌာန်းချက်အရ သတင်းစာတွင် ထည့်သွင်းကြော်ငြာ၍ တရားပြိုင် ဒေါ်ဝင်းဝင်းသန့်(ဘ) ဦးအောင်သောင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နီနီဝင်း(ဘ)ဦးဘကျွန်း) သိစေရမည်။

သင့်အပေါ် တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ မေလ၊ (၈) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ်၊ ၈ ရက်) မွန်းမတည့်မီ (၁၁)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းစေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖူးဝေထက်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မဟာအောင်မြေမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ (၁)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ရပ် (၁) တိုင်တရာရပ်၊ ဦးပိုင်အမှတ် (၁၉၈)၊ မြေကွက်အမှတ် (၂၁၄)၊ ဧရိယာ (၀.၀၉၉၀)ဧကအား မဒေါက်မြို့၊ မြို့မ (၁)ရပ်ကွက်၊ မင်းလမ်းနေ ဦးအေးကျော် (ဘ) ဦးပန်းညွန့်မှ မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၅-၅-၂၀၂၆) ရက်အတွင်း ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်)လျှောက်ထားခြင်းအား ခွင့်ပြုပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊
## ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့်
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊နေပြည်တော်)တို့တွင် ၂၁-၄-၂၀၂၆ရက်မှ ၅-၅-၂၀၂၆ ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၄-၅-၂၀၂၆ ရက်မှ ၇-၅-၂၀၂၆ ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇-၃၄၀၄၀၂၀၊ ၀၆၇-၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈ (အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀၀ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website များဖြစ်သော www.most.gov.mm နှင့် www.dtvet.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အောင်မြေသာစံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၇

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်း၏ကိုယ်စား (ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရတာဝန်ပေးအပ်ခြင်းခံရသူ)လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မေသူအောင်) နှင့် ၁။ ဦးကျော်အောင် ၂။ ဒေါ်ခင်ဆွေဝင်း

တရားလို တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ သပြေပင်ကုန်းကျေးရွာ လက္ကောင်းကြီးရပ်ကွက်၊ အမှတ်(၂၈၁)၊ ဒဂုံလမ်းနေ ဒေါ်ခင်ဆွေဝင်း ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေအရင်း၊ အတိုးပေါင်းငွေကျပ် (၁၅၇ ၆၇၉ ၇၃၀.၂၁) (တစ်ထောင့်ငါးရာခုနစ်ဆယ့်ခြောက်သိန်းခုနစ်သောင်းကိုးထောင်ခုနစ်ရာ့သုံးဆယ်ကျပ်နှင့် နှစ်ဆယ့်တစ် ပြားတိတိ)အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေခိုင်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
အောင်မြေသာစံခရိုင်တရားရုံး

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အထက(၁) Grade-4 မှ မနှင်းနုဝေ၏ ဖခင်အမည်မှန်မှာ ဦးသောင်းတင့်ဆွေ ၅/ကဘလ(နိုင်) ၁၉၇၂၄၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲ့ပလဲ့ကျေးရွာနေ (ဘ)ဦးအောင်ကြည်၏ သမီးဖြစ်သူ မခိုင်သဇင် ၃/မဝတ(နိုင်)၀၅၇၄၂၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁-၁၉၈၅ ဖြစ်သည်မှာ မှန်ကန်ပါကြောင်း။

## အမည်မှန်

ဘိုကလေးမြို့၊ အမှတ် (၅) ရပ်ကွက်နေ ရာဂျား ၁၄/ဘကလ (ပြု)၀၀၀၁၈၅နှင့် ဒေါ်ခိုင်ခိုင်စိုး ၁၄/ဘကလ(နိုင်)၂၈၀၁၆၀ တို့၏ သမီးဖြစ်သူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘိုကလေးမြို့၊ အထက (၁) ကျောင်း၌ G-10 အောင်မြင်ခဲ့သည့် မဖွဲ့ယမုံ၏ အမည်မှန်မှာ မဖွဲ့ယမုံ(ခ) စုရန်းသီး ဖြစ်ပါကြောင်း။

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ကွင်းအမှတ်(၉၈၈-ခ)၊ အကျယ်အဝန်း- အလျားပေ(၆၀)xအနံ (၁၃၅) ပေရှိ ဦးဇော်ဇော်ထွန်းအမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစားယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာ အရပ်စာချုပ်အဆက်စပ်ဖြင့် တရားဝင် လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထိုက်ဦး [၁၂/ကမတ(နိုင်)၀၁၉၆၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကြည်ဟန်စိုး [၁၂/ဒဂမ(နိုင်)၀၂၁၄၄၅] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၄-၄-၂၀၂၆) ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက် စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၄၄)
Ph-09 970 711 242

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ် (၂၀၉၆) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ နှစ်(၆၀) မြေငှားဂရန်၊မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျင်ဟုတ်(ခ)ဦးလှဦး (၁၄/ပသန(နိုင်)၁၆၂၂၅၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စိန်(ခ)ဒေါ်ယဉ်ယဉ်မွေး (၁၂/လသန(နိုင်)၀၀၅၃၃၅) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့တိကျ ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅ | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ ၂၀၂)ကျူချောင်းကွင်း၊ အိမ်ရာမြေကွက်အမှတ်(၂)၊ ဧရိယာ(၀ဒသမ၂၂၀၄)ဧကအား ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ ဘုရားကြီးလမ်းနေ ဒေါ်ခင်ဌေးကြည် (ဘ)ဦးဌေးမှ မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၅-၅-၂၀၂၆ ရက်အတွင်း ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်)လျှောက်ထားခြင်းအား ခွင့်ပြုပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/49326 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/3000 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 34W/88499 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းရီ ၉/မသန(နိုင်)၀၈၀၂၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကျောက်ဆည်)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၄၁၃၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်)၁၇၉၅၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/24696, Honda C-90 Dynamic ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီယဉ် ၉/မနမ(နိုင်)၀၅၀၄၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/73961,Trasta 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဝေ ၉/မရတ(နိုင်)၁၂၂၅၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၃၉၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မောင်လွင် ၁၀/ကထန(နိုင်)၀၈၁၀၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၉၃၈၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဖြိုးပြည့်စုံ ၁၀/သထန(နိုင်)၁၃၇၃၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/75274, Kenbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဦး ၉/ပကခ(နိုင်)၀၅၈၀၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 30W/18547 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/ပဥလ(နိုင်)၀၂၁၃၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ပြင်ဦးလွင်)

## (၁- ၄ -၂၀၂၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၇)ပါ ဒေါ်ကိုင်ရာ နှင့် အများသိစေရန် ကြေညာခြင်း ခေါင်းစဉ်ပါ ဦးစစ်နိုင် (၁၂/ကတတ(နိုင်)၀၂၉၆၁၇) ၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်း၍ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ကိုင်ရာ (၁/ဗမန(နိုင်)၀၆၄၃၉၃)မှ အောက်ပါကြေညာချက်ကို ပြန်လည်ရှင်းလင်း၍ အများသိစေရန် ကြေညာသည်မှာ-

ဦးစစ်နိုင်နှင့် ဒေါ်ကိုင်ရာတို့သည် (၂၅-၉-၂၀၁၀)ပြည့်နှစ်တွင် ခရစ်ယာန်ဓလေ့ထုံးထမ်းစဉ်လာနှင့်အညီ လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပါသည်။ ထိုသို့လက်ထပ်ပေါင်းသင်းခဲ့သည့် (၁၀) နှစ်တာ ကာလအတွင်း သား(၁)ဦးနှင့် သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ (၂၀၂၀) ပြည့်နှစ်တွင် ဦးစစ်နိုင်သည် အလုပ်သို့သွားမည်ဟု ဒေါ်ကိုင်ရာအား ပြောဆိုပြီး နေအိမ်မှထွက်သွားခဲ့ခြင်း ဖြစ်ပါသည်။ ထို့ရက်တွင် ဦးစစ်နိုင်နေအိမ်သို့ ပြန်လည်ရောက်ရှိရမည့်အချိန်တွင် ရောက်ရှိခြင်းမရှိသည့်အတွက် ဒေါ်ကိုင်ရာမှ ဦးစစ်နိုင် ထံသို့ ဖုန်းဖြင့်ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍မရရှိခဲ့ပါ။ ထိုသို့ ဦးစစ်နိုင် နေအိမ်မှထွက်သွားချိန်တွင် ဒေါ်ကိုင်ရာပိုင်ဆိုင်သော လက်ထပ်လက်စွပ် အပါအဝင် အဖိုးတန်ပစ္စည်းအချို့ကိုလည်း ကြိုတင်ကြံစည်၍ ယူဆောင်သွားကြောင်းကို ဒေါ်ကိုင်ရာမှ သိခဲ့ရပါသည်။ ဦးစစ်နိုင်သည် ဇနီးဖြစ်သူနှင့် သားသမီး(၂)ဦးကို တာဝန်မဲ့စွာ စွန့်ခွာထားရစ်ခဲ့ သည့်အချိန်မှစ၍ ဒေါ်ကိုင်ရာ သည် သားသမီး(၂)ဦးကို ပင်ပန်းခက်ခဲစွာ ရှာဖွေ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ နောက်ပိုင်းတွင် ဦးစစ်နိုင်သည် လူမှုရေးဖောက်ပြန်မှုကို (Online)ဆိုရှယ်မီဒီယာမှတစ်ဆင့် ဒေါ်ကိုင်ရာ သိရှိခဲ့ရပါသည်။

ယနေ့အချိန်ထိ ဦးစစ်နိုင်နှင့် ဒေါ်ကိုင်ရာတို့သည် အကြင်လင်မယား အဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိကြောင်းနှင့် ဒေါ်ကိုင်ရာသာလျှင် ဦးစစ်နိုင်၏ တရားဝင်ဇနီး/မယားဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာလိုက်ပါသည်။ သို့ဖြစ်ပါ၍ ဦးစစ်နိုင်အနေဖြင့် လူမှုရေးဖောက်ပြန်မှုများကို ဆက်လက်၍ မပြုလုပ်ရန် အသိပေးအပ်ပါသည်။ အကယ်၍ လူမှုရေးဖောက်ပြန်မှုများကို ဆက်လက်ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်ကိုင်ရာ ဘက်မှလည်း ဦးစစ်နိုင်အပေါ် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း၍ အသိပေးအပ်ပါသည်။

ဒေါ်ကိုင်ရာ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူမင်း(LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ် - ၂၈၁၈၈)
အမှတ် (၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉ - ၇၈၆၉၃၀၅၁၂၊ ၀၉ - ၄၀၄၆၂၆၉၃၁

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/6608 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/1656 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မင်းသူ ၁၀/မလမ(နိုင်)၂၃၅၉၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

